ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၇ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ တနင်္လာနေ့။ Monday, 29 December 2025 ၁၂၀၄၆

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်ဆန္ဒမဲပေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာမဲရုံများ၌ ဆန္ဒမဲများပေးကြသည်။

**ပါဝင်ဆန္ဒမဲပေး**

ထိုသို့ဆန္ဒမဲများပေးကြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးမင်းအောင်လှိုင် သည် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။

## ယနေ့ ဖတ်စရာ

**ဓမ္မနှင့်ညီသည့် ပုံစံအသစ်ဖြင့် နှစ်သစ်မှသည် ရှေ့သို့ဆီ ....**
ဆောင်းပါး စာမျက်နှာ » ၆

**ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာမဲပေးနေတာ နိုင်ငံကိုပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်**
တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လူငယ်များဆန္ဒမဲပေးမှု မြင်ကွင်း**
ဓာတ်ပုံမြင်ကွင်း စာမျက်နှာ » ၁၀

ကြေးမုံ

# ဒီမိုကရေစီပထမစာမျက်နှာသစ်ဖွင့်လှစ်ငြိမ်းချမ်းသာယာသောခရီးလျှောက်လှမ်း

ဒီဇင်ဘာလ ၂၈ ရက်နေ့သည် မြန်မာ့နိုင်ငံရေးခရီးလမ်းကြောင်း၌ တစ်မူထူးခြားသော မှတ်တမ်းဝင်မည့်နေ့တစ်နေ့ဖြစ်သည်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် ထူးခြားသည့်နေ့တစ်နေ့ဖြစ်သည်။ ဤရွေးကောက်ပွဲသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ၊ မှားယွင်းမှုများ ဆိုးဆိုးရွားရွားဖြစ်ပေါ်ခဲ့သည်ကို မည်သို့မျှ ဖြေရှင်းပေးခြင်းမရှိသဖြင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲအဖြစ် ပြန်လည်ကျင်းပပေးသည့် ထူးခြားသော ရွေးကောက်ပွဲဟု ဆိုရမည်ဖြစ်သည်။

တစ်နည်းဆိုလျှင် ဤရွေးကောက်ပွဲသည် နိုင်ငံရေးအရ ညစ်ထေးမှုများ၊ မှားယွင်းသော အတွေးအခေါ်အယူအဆနှင့်လုပ်ရပ်များ၊ အမုန်းတရား၊ အာဃာတများ၊ ပြည်သူများအပေါ် နာကျင်ခံစားမှုများကို အဆုံးသတ်ပေးနိုင်မည့် ပထမခြေလှမ်းတစ်ခုဖြစ်သည်ဟု ဆိုနိုင်သည်။ အဘယ်ကြောင့်ဆိုသော် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဒီမိုကရေစီအစိုးရတစ်ရပ်ဖြစ်ပေါ်လာခြင်း၊ ပြည်သူများ၏ လိုအပ်ချက်များ၊ တိုင်းရင်းသားအရေး၊ ဒေသအရေးတို့ကို ငြိမ်းချမ်းသောနည်းဖြင့် ဆွေးနွေးညှိနှိုင်းအဖြေရှာရယူနိုင်သော လွှတ်တော်အခင်းအကျင်းများပေါ်ပေါက်လာခြင်းတို့ကြောင့် အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းမှုများသည် "နေလာနှင်းပျောက်"ဆိုသကဲ့သို့ တဖြည်းဖြည်းလွင့်ပါးသွားမည်သာဖြစ်သည်။

လတ်တလောတွင် ရွေးကောက်ပွဲကို အပိုင်း(၃)ပိုင်းခွဲ၍ ကျင်းပခြင်းဖြစ်ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ နောက်ဆုံးအပတ်ခန့်မှသာ ရွေးကောက်ပွဲလုပ်ငန်းစဉ်များပြီးပြတ်မည်ဖြစ်၍ ရွေးကောက်ပွဲအပေါ် နှောင့်ယှက်ဟန့်တားဖျက်ဆီးမှုများရှိနေဦးမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အနေဖြင့် အခက်အခဲအနှောင့်အယှက်များကို ရှင်းလင်းဖယ်ရှားကျော်လွှားပြီး ရွေးကောက်ပွဲ(၃)ပိုင်းစလုံး အလုံးစုံပြီးစီးအထမြောက်အောင်မြင်အောင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲအပေါ် အဆိုးမြင်သူများအနေဖြင့် အပိုင်း (၃)ပိုင်းစလုံး ကျင်းပပြီးချိန်တွင် တရားမျှတမှု၊ လွတ်လပ်မှု ရှိ/မရှိကို အထင်အရှားတွေ့ရမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် ပါဝင်ခြင်း/မပါဝင်ခြင်း၊ ရွေးကောက်ပွဲတွင် မဲပေးခြင်း/မဲမပေးခြင်းသည် တစ်ဦးချင်းပုဂ္ဂလိကဆန္ဒဖြစ်၍ အထူးပြောကြားစရာမလိုသော်လည်း ရွေးကောက်ပွဲတွင် ရွေးကောက်ခံပိုင်ခွင့်၊ မဲပေးခွင့်ရှိပါသော်လည်း ပါဝင်ခဲ့ခြင်းမရှိပါက မိမိနှင့်မိမိအသိုက်အဝန်းသာမက မိမိနိုင်ငံအတွက်ပါ နစ်နာနိုင်သည်ကို သတိချပ်သင့်ပါသည်။ ရွေးကောက်ပွဲကို နှောင့်ယှက်ခြင်း၊ ကန့်ကွက်ခြင်း၊ ဖျက်ဆီးခြင်းသည် ဥပဒေနှင့်ငြိစွန်းသည့်အပြင် အရုပ်ဆိုးအကျည်းတန်ပြီး ဒီမိုကရေစီလူ့အသိုက်အဝန်းမှ ဝေးသထက်ဝေးသွားစေမည်ဖြစ်သည်။ တည်ဆဲအစိုးရတိုင်းသည် ရွေးကောက်ပွဲအောင်မြင်ထမြောက်စေရန် ပြုလုပ်ပေးရန်တာဝန်ရှိပြီး ရွေးကောက်ပွဲပြီးသည့်အခါ ပေါ်ထွက်လာမည့်အစိုးရအား နိုင်ငံတော်တာဝန်များကို လွှဲပြောင်းပေးသည့်အစဉ်အလာအတိုင်း ဆောင်ရွက်နေသည်။

မဲပေးပိုင်ခွင့်ရှိသူ ပြည်သူများနှင့်ပတ်သက်၍ ပြည်သူများသည် သက်ဆိုင်ရာမဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည်ကိုတွေ့ရသည်။ လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် အကြမ်းဖက်အဖျက်သမားများ၏ ခြိမ်းခြောက်နှောင့်ယှက်မှုအမျိုးမျိုးတို့ကြောင့် စိုးရိမ်ပူပန်မှုရှိနေခြင်း၊ နိုင်ငံရေးပယောဂလွှမ်းမိုးမှုခံရခြင်း၊ မဲပေးသည့်နေ့တွင် မဲရုံ၌ မိမိအမည်စာရင်း မပါရှိခြင်းစသည့် အားနည်းချက်များ၊ အခက်အခဲများကြောင့် မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး အပြည့်အဝ မပါဝင်နိုင်သည်ကို တွေ့နိုင်သည်။ ယခုရွေးကောက်ပွဲအပိုင်း(၁) ဆောင်ရွက်ခဲ့ခြင်းအပေါ် အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ထပ်မံပြုလုပ်မည့် ရွေးကောက်ပွဲအပိုင်း(၂)နှင့် အပိုင်း(၃)ကို ပိုမိုလုံခြုံစိတ်ချကောင်းမွန်အောင်ဆောင်ရွက်ပြီး မဲပေးခွင့်ရှိသူပြည်သူများ မဲပေးနိုင်အောင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မဲစာရင်းတွင် မိမိအမည်စာရင်း ပါ၊ မပါ ကြိုတင်လေ့လာရမည်ဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိပါကလည်း ကူညီဆောင်ရွက်ပေးနိုင်ရန် လိုမည်ဖြစ်သည်။

သို့ဖြစ်ရာ ရွေးကောက်ပွဲအပိုင်း(၁)ကို နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်တွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ဒီမိုကရေစီပထမစာမျက်နှာသစ်ကို ဖွင့်လှစ်ပေးလိုက်ပြီဖြစ်ရာ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသော ရွေးကောက်ပွဲဖြစ်စေရေး အာမခံထားသည့်အတိုင်း ဆက်လက်ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲ အပိုင်း(၂)နှင့် အပိုင်း(၃)တို့ကိုကျင်းပရာတွင် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြပြီး ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီနိုင်ငံတော်သစ်တွင် တက်ညီလက်ညီပါဝင်လျှောက်လှမ်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## အင်းစိန်မြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရသစာပေ စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၈

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ် (BookClub) အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရသစာပေ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား) တို့က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌနှင့် စာရေးဆရာ၊ သတင်းစာဆရာ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ရသစာပေ စာဖတ်ဝိုင်းကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာအသင်း၊ စာပေဥယျာဉ်အသင်းများမှ စာပေဝါသနာရှင်၊ စာရေးဆရာ တရားလွှတ်တော်ရှေ့နေ ဦးကြည်စိုး(ကြည်စိုး-ဥပဒေ)က ၁၉၆၆ ခုနှစ်က စာရေးဆရာကြီးနတ်နွယ်ရေးသားထုတ်ဝေခဲ့သည့် "မြန်မာပြည်မြောက်ပိုင်း" အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး နောက်ခံပါရှိသော မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ရသစာပေဝတ္ထုရှည်အကြောင်းကို ဆွေးနွေးဟောပြောကာ ဆရာခင်မောင်နိုင်(ဝေဒ)၊ စိုးမိုး(ပါရာဒိုင်)၊ အောင်ငယ်စစ် (အင်းစိန်)၊ ရန်မိုးအောင်(အင်းစိန်)၊ မင်းသီဟရာဇာ(ခေတ်ဦး)တို့က မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြပြီး စာပေဥယျာဉ်အသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)က နိဂုံးချုပ်ကျေးဇူးတင်စကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူများအား တာဝန်ရှိသူတို့က အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ကျိုက်ထိုမြို့နယ်၌ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေး

ကျိုက်ထို ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ယနေ့နံနက် ၆ နာရီမှစတင် ကျင်းပလျက်ရှိရာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးလျက်ရှိကြသည်။

မဲဆန္ဒရှင်ပြည်သူများမှ မဲရုံများတွင် စိတ်အားထက်သန်စွာ ဆန္ဒမဲပေးရန် စောင့်ဆိုင်းလျက်ရှိကြကာ မဲရုံမဖွင့်လှစ်မီ မဲရုံတာဝန်ရှိသူများက မဲပုံးများအား ပါတီကိုယ်စားလှယ်များကို ပြသ၍ လုံခြုံရေးကြိုး တပ်ဆင်ပြီး နံနက် ၆ နာရီတိတိတွင် မဲရုံမှူးက မဲရုံဖွင့်လှစ်ပေးသည်။

ထို့နောက် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေသည့် မဲဆန္ဒရှင်ပြည်သူများက နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မဲစာရင်းလက်မှတ်ပြသပြီး လျှို့ဝှက်ဆန္ဒပြုခန်းများ၌ MEVM မဲပေးစက်ဖြင့် လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်များကို ဆန္ဒပြုရွေးချယ်ကြသည်။

ကျိုက်ထိုမြို့နယ်အနေဖြင့် ရပ်ကွက် ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ခြောက်အုပ်စုတွင် မဲရုံပေါင်း ၃၇ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူစုစုပေါင်း ၅၉၀၁၄ ဦးရှိကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## ၂၈ - ၁၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေးဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါနိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်ဗဟုသုတ ပြည့်ဝကြရန်လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက် ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ ရှေ့ဖုံးမှ

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့လာရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့သည်။

**မေးမြန်းဖြေကြားမှုအပြည့်အစုံမှာ-**

**မေး။ ။ ရွေးကောက်ပွဲကို ဦးစီးဦးဆောင်ကျင်းပဖို့ စီစဉ်ခဲ့သူတစ်ဦးအနေနဲ့ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ကြောင်း ဘယ်လောက်အာမခံချက်ပေးနိုင်ပါသလဲ။ ပြည်သူကို ဘာသတင်းစကားများ ပါးချင်ပါသလဲ။**

**ဖြေ။** ။ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကို ဒီနေ့မဲပေးတာ ကြည့်လိုက်ရင် သိလိမ့်မယ်။ နောက်ပြီး မဲပေးဖို့အတွက် ကြိုတင်ကဏ္ဍတွေရှိတယ်။ အကြိုကာလတွေပေါ့။ အဲဒီမှာ ပါတီတွေရဲ့ လုပ်ဆောင်ချက်တွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းရဲ့ လုပ်ဆောင်ချက်တွေ၊ ရွေးကောက်ပွဲကော်မရှင်တွေရဲ့ လုပ်ဆောင်ချက်တွေကို ကြည့်လိုက်ရင်လည်း တွေ့ပါလိမ့်မယ်။ ဒီနေ့ မဲပေးတဲ့အခါမှာလည်း မဲပေးပြီး ညနေကျရင်လည်း အသံထွက်လာမှာပဲလေ။ မဟုတ်ဘူးလား။ အဲဒီကျရင် ပြောလို့ရတာပေါ့။ ကျွန်တော်တို့က လွတ်လပ်ပြီး တရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲဖြစ်မယ်လို့ အာမခံထားတယ်။ တပ်မတော်က လုပ်တာ နာမည်ပျက်မခံဘူး။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ အကြီးအကျယ် နာမည်ပျက်ခဲ့တယ်။ တော်တော်ဆိုးဆိုးရွားရွားကိုဖြစ်ခဲ့တယ်။ ရုပ်ပျက်ဆင်းပျက်ကို နိုင်ငံတကာမှာလည်း အရှက်တကွဲဖြစ်ခဲ့တယ်။ တချို့ကျတော့လည်း မသိကျိုးကျွန်ပြုနေတာ။ တကယ်တော့ ကျွန်တော်က တကယ်စစ်ခဲ့သူ၊ ကျွန်တော်သိပါတယ်။ တကယ်ကို ဆိုးဆိုးရွားရွားဖြစ်ခဲ့တယ်။ ဘယ်လိုမှကို နားလည်ပေးလို့မရတဲ့အတွက်ကြောင့် ဒီအခြေအနေထိ ရောက်သွားတာပဲဖြစ်တယ်။ ဒါကြောင့် ပြီးတဲ့အချိန်ကျလို့ရှိရင် ကြည့်ပါလို့ ကျွန်တော်ပြောချင်တယ်။ ဒါပေမယ့် ဒီနေ့တစ်ကြိမ်၊ ပြီးရင်လာမယ့် ဇန်နဝါရီ ၁၁ ရက်မှာ တစ်ကြိမ်၊ ဇန်နဝါရီ ၂၅ ရက်မှာ တစ်ကြိမ် သုံးကြိမ်ပေးမယ်။ အဲဒီမှာကြည့်ပါ။ အဲဒါပြီးမှ ပြောပါလို့ပြောချင်ပါတယ်။ **စာမျက်နှာ ၄ သို့** ☆



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ်(၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ပါဝင်ဆန္ဒမဲပေးစဉ်။




နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆန္ဒမဲပေးပြီး လက်သန်းမင်တို့စဉ်။



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ဖြေကြားစဉ်။

☆ စာမျက်နှာ ၃ မှ

**မေး။ ။ ဗိုလ်ချုပ်မှူးကြီးရဲ့ နိုင်ငံရေးရည်မှန်းချက်ကိုလည်း သိချင်ပါတယ်ခင်ဗျာ။ ရွေးကောက်ပွဲအလွန် အခင်းအကျင်းမှာ ဘယ်လိုစဉ်းစားထားပါသလဲ။ သမ္မတလုပ်မှာလားခင်ဗျ။**

**ဖြေ။** ။ ကျွန်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ နိုင်ငံ့ဝန်ထမ်း။ ကျွန်တော်ဘာမှတော်ရုံတန်ရုံသွားပြီးတော့မှ လုပ်ချင်ပါတယ်။ ပြုချင်ပါတယ်လို့ သွားပြောလို့မရဘူး။ နိုင်ငံရေးပါတီခေါင်းဆောင်လည်းမဟုတ်ဘူး။ ပြီးတော့ လွှတ်တော်ခေါ်တဲ့အခါကျမှ လွှတ်တော်ကနေပြီး သမ္မတရွေးချယ်ရေးနဲ့ပတ်သက်တဲ့ Process တွေရှိပါတယ်။ အဲဒီကျမှ သူတို့လုပ်ပါလိမ့်မယ်။ အဲဒီကျမှသာ ကျွန်တော်တို့ ပြောဖို့သင့်မယ်လို့ ယူဆပါတယ်။

**မေး။ ။ မဲပေးသင့်/မပေးသင့်တွေဝေနေတဲ့ပြည်သူတွေအပေါ် ဘာများပြောချင်ပါသလဲ။**

**ဖြေ။** ။ ပေးသင့်တာပေါ့။ ပါတီစုံဒီမိုကရေစီစနစ်လက်ခံတယ်လို့ပြောထားရင်ဒီမိုကရေစီရဲ့ အနှစ်သာရက ရွေးကောက်ပွဲကတော့ တကယ်လုပ်ဖို့ကောင်းတယ်။ ရွေးကောက်ပွဲကတော့ ပေးသင့်တယ်။ ကြိုက်ရင်ကြိုက်မယ်။ မကြိုက်ရင်မကြိုက်ဘူး။ ကိုယ်မကြိုက်တဲ့လူကိုမပေးနဲ့ပေါ့၊ ကြိုက်တဲ့လူကိုပေးပေါ့။ အဲဒီအထဲမှာ Choice ဆိုတာရှိပါတယ်။ တချို့ပါတီတွေ၊ တချို့နေရာတွေကျလည်း Choice မရှိတာပါတယ်။ နည်းတာပါတယ်။ တချို့နေရာကျတော့လည်း Choice များတာပါတယ်။ ကြိုက်တဲ့လူကိုပေး။ ရတာပဲ။ ဒါကပေးသင့်တဲ့ကိစ္စပဲ။ ဒါပေမဲ့ မပေးဘူးဆိုလို့ရှိရင် သူဟာ ဒီမိုကရေစီစနစ်ကို အပြည့်အဝနားမလည်ဘူးလို့ ကျွန်တော်ယူဆလို့ရတာပေါ့။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည်



နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆန္ဒမဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့ ဆန္ဒမဲပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီးတို့ ဆန္ဒမဲပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော် ဘူတာကြီးသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် ဒီဇယ်လျှပ်စစ်သုံး (DEMU)အစုန်ရထား ဘူတာရုံ၌ ဆိုက်ကပ်ထားရှိမှုနှင့် ဘူတာရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဘူတာရုံအတွင်းရှိ လူသွားစင်္ကြံအား အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ရထားဘူတာရုံအတွင်း သန့်ရှင်းသာယာလှပမှု ရှိစေရေးနှင့် မျက်စိပသာဒဖြစ်စေရေး၊ ရထားဝန်ထမ်းများနှင့် ခရီးသည်များ၏ သွားလာနေထိုင်မှုများ စည်းကမ်းစနစ်တကျဖြစ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်ဘူတာကြီးတွင် ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်၍ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

ကော်မရှင်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ သက်ဆိုင်ရာမဲရုံများအလိုက် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အလားတူ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မဲရုံအမှတ် (၂)တွင် မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမဲပေးနေမှုများကို လာရောက်ကြည့်ရှုလေ့လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာဇက်စတန်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် အတူ စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း ဆန္ဒမဲပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ဆန္ဒမဲပေးစဉ်။

# ဓမ္မနှင့်ညီသည့် ပုံစံအသစ်ဖြင့် နှစ်သစ်မှသည် ရှေ့သို့ဆီ ....

နှစ်ဟောင်းတစ်နှစ်ကုန်သည်နှင့် နှစ်သစ်တစ်ခု ဆုံကြရတော့မည်။ နှစ်ဟောင်းတို့ ပြောင်းခါနီး နှစ်သစ်တို့ ဆီးကြိုမြဲဖြစ်၍ အဟောင်းပြီးလျှင် အသစ်တို့လာသည်မှာ ဖြစ်ပျက်ဓမ္မတာ၊ ဒဿနအရသာဖြစ်ပေသည်။ သတ္တဝါအားလုံး ဘေးကင်းရန်ကွာဖို့၊ စိတ်ချမ်းသာကိုယ်ကျန်းမာဖြစ်ဖို့၊ လိုအင်ဆန္ဒများ တောင့်တအရာရာ ဖြစ်စေဖို့ရန်မှာ နေ့စဉ်ဆုတောင်းမြဲဖြစ်သော်လည်း နှစ်ဟောင်းအကုန် နှစ်သစ်အကူးမှာ အထူးအလေးမူဂရုပြု၍ ကောင်းတာများဖြစ်ဖို့ နှစ်စဉ်ဆန္ဒပြုကာ ဆုတောင်းမြဲခဲ့သည်မှာလည်း အစဉ်အလာတစ်ခုအဖြစ် ရှိခဲ့ပါပြီ။

မိုးကေနိုင်

> **ဗုဒ္ဓသာသနာထွန်းကားရာနိုင်ငံတွင် ဓမ္မအသိဖြင့်နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များအနေဖြင့်မူ နှစ်သစ်ကို မေတ္တာဖြင့် ကြိုဆိုကြမည်သာဖြစ်သည်။ မြတ်ဗုဒ္ဓ၏တရားဓမ္မများကို လိုက်နာကျင့်ကြံပြီး ရင်ဆိုင်ဖြေရှင်းကြပါမည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မမေ့မလျော့ဆည်းကပ်၍ မကောင်းမှုကိုပယ်၊ ကောင်းမှုကိုသယ်ဆောင်ကြပါမည်။ မေတ္တာဟူသည် တဏှာရာဂမဖက်ဘဲ သူ့အကျိုးကို လိုလားခြင်းမည်ပါသည်။ သူ့အကျိုးပျက်စီးမှာ မလိုလားသည်က မေတ္တာတရားပါ။ သူတစ်ပါး ပျက်စီးဖို့၊ သေစေဖို့၊ ကြံစည်ဖို့ ဝေးစွ။ မကောင်းမှုကို ဘယ်တော့မှ ဆုမတောင်း၊ ကောင်းမှုကိုသာလိုလားသည့် တရားမြတ်တစ်ခုပါ။ ထို့ကြောင့် မေတ္တာသည် သူတစ်ပါးကို ပျက်စီးစေသည့် ခက်ထန်ကြမ်းတမ်းမှုပါသော ဒေါသ၏ဆန့်ကျင်ဘက်တရားဖြစ်၍ ဒေါသကိုဖြေဖျောက်ရာတွင် မေတ္တာထား မေတ္တာပွား၍နေကြခြင်းသည်သာ အကောင်းဆုံးဖြစ်**

**ကျန်းမာရေးမကောင်းသော ဤကမ္ဘာကြီးမှာ**

ယခု ၂၀၂၅ ခုနှစ်အကုန် ၂၀၂၆ ခုနှစ် အကူးအပြောင်းတွင်လည်း ထိုနည်းတူစွာပင်။ ယခုကာလ ထူးမခြားနားက ကမ္ဘာရော မြန်မာမှာပါ အခက်အခဲ၊ စိန်ခေါ်မှု၊ ပြဿနာမျိုးစုံနှင့်ရယ်ပါ။ ယေဘုယျအားဖြင့် ကမ္ဘာကြီး၏ ကျန်းမာရေးအခြေအနေက သိပ်ကောင်းလှသည်မဟုတ်။ ကျွန်တော်တို့အားလုံး လက်ရှိ ရာသီဥတုဖောက်ပြန်မှုနှင့်တကွ သဘာဝဘေးဆိုးကြီးများကို မမျှော်လင့်ဘဲ ရင်ဆိုင်နေရသည်။ လျှင်ဒဏ်အပြင်းအထန်ခံစားခဲ့ကြရသည်မှာ လက်တွေ့ဘဝဖြစ်ခဲ့သည်။ ကူးစက်ရောဂါဆိုးများကိုလည်း ရင်ဆိုင်ခဲ့ရပြီး ယခုလည်း ရင်ဆိုင်နေရဆဲပါပဲ။ အကြမ်းဖက်ပြဿနာ ခြိမ်းခြောက်မှုမျိုးစုံနှင့် စစ်မက်ရေးရာများစွာ၏ သက်ရောက်မှုကို ဆိုးဆိုးရွားရွားခံစားကြရသည်။

ကမ္ဘာ့စီးပွားအခြေအနေနှင့် ငွေကြေးပြဿနာအချို့ အနာဂတ်တွင် မရေရာ၊ မသေချာ အနေအထားမှာရှိသည်။ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးအတွက် ဖွဲ့စည်းထားသည့် ကမ္ဘာ့အဖွဲ့အစည်းအချို့အတွင်းမှာပင် မပြေမလည်နှင့် အက်ကြောင်းများ တွေ့လာရသည်။ အနာဂတ်တွင် အကျိုးစီးပွားနှင့် အတ္တများကြောင့် ဒေသတွင်းအဖွဲ့အစည်းများ ပြိုကွဲသွားနိုင်သလို ကိုယ်ခံအားမကောင်းသည့် နိုင်ငံအချို့ ပြိုလဲသွားနိုင်သည့်အနေအထားကိုလည်း မြင်နေရသည်။

အထက်ပါအခြေအနေများကို ထင်ဟပ်နေသည့် နိုင်ငံအချို့၏ လက်ရှိပြဿနာများကို ဆွဲယူသုံးသပ်ကြည့်က သိနိုင်လောက်ပါသည်။ မြန်မာနိုင်ငံနှင့် နိုင်ငံသားများအတွက်မူ ကောင်းမွန်သောရလဒ်တစ်ခု ထွက်ပေါ်ရန်အတွက် မြင်သာသော ထွက်ပေါက်တစ်ခုရှိပြီးဖြစ်သည်မို့ အနာဂတ်အခင်းအကျင်းသစ်နှင့်အတူ လူအများစုတွင် အပြုသဘောခံယူချက်များ ရှိနိုင်သည်ဟု အကောင်းမြင်ထားကြသည်။

ကမ္ဘာကြီးအပေါ် အမြင်မှာမူ တစ်မျိုး၊ ခြားနားစွာ ခံစားနိုင်မှ တော်ကာကျပါမည်။ ၂၀၂၂ ခုနှစ်မှ စဖြစ်ခဲ့သည့် ရုရှား-ယူကရိန်း ပဋိပက္ခမှာ ပြီးဆုံးရန် ခက်ခဲနေသည့်ကြားက အရှေ့အလယ်ပိုင်း စစ်မီးသည်လည်း ဘယ်အချိန်ထတောက်ဦးမည်မသိ တငွေ့ငွေ့လောင်ဆဲအနေအထားမှာ ရှိဆဲဖြစ်သည်။ ဤကြားထဲ ဂျပန်အမျိုးသမီးဝန်ကြီးချုပ် ဆာနေးတာကိုင်ချီ၏ တရုတ်တိုင်ပေ (ထိုင်ဝမ်) အရေး စကားတစ်ခွန်းကြောင့် တရုတ်-ဂျပန် - ထိုင်ဝမ်အကြား ပြဿနာအသစ်တစ်ခု တိုးခဲ့ရပြန်သည်။ ထို့အတူ တောင်အမေရိက ကာရေဘီယန်ဒေသပြဿနာကလည်းတစ်မှောင့်။ ကမ္ဘာကြီးအနေအထားက စိတ်ချမ်းသာစရာဟူ၍မရှိလှ၊ အရာရာပြဿနာများနှင့်သာ။

ထို့ကြောင့် စစ်နှင့်ဖြေရှင်းဖို့ ပြင်ဆင်နေကြသည်။ စစ်လက်နက်များ တိုးမြှင့်ထုတ်လုပ်ပြီး ကာကွယ်ရေးဘတ်ဂျက်ကို မြှင့်တင်နေကြပါပြီ။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စကားစစ်ထိုး၊ အားကြီးသူနှင့် အားနည်းသူ ဖိနှိပ်ကြ၊ အနိုင်ယူကြ၊ ပြဿနာမျိုးစုံ ဖန်တီး၊ ဖန်တီးသူနှင့် ခံရသူအကြား စကားအပြောအဆိုမှအစ ဆင်ခြင်နိုင်မှသာ။ ကမ္ဘာကြီးက ဘယ်လောက်အထိ နေမကောင်းဖြစ်နေသလဲဆိုတော့ ခရစ္စမတ်ငြိမ်းချမ်းရေးစကားပြောရာမှာတောင် တစ်ပါးသူကို သေဖို့၊ ပျက်စီးစေဖို့အထိ ဆုတောင်းကြသည့်အဖြစ်ပါ။ ကမ္ဘာ့သတင်းတစ်ပုဒ်မှာ ဖတ်လိုက်ရခြင်းဖြစ်သည်။ လက်ရှိဖြစ်နေသည့် ဥရောပက နှစ်နိုင်ငံစစ်ပွဲထဲပါသည့် ခေါင်းဆောင်တစ်ဦးက အခြားရန်ဘက်ခေါင်းဆောင်တစ်ဦးအပေါ် ပို့သလိုက်သည့်မေတ္တာက "May he perish" ဆိုတဲ့ စကားပါပဲ။ အင်မတန်ခံပြင်းနာကြည်းမှုများနှင့် ပေါက်ကွဲထွက်လာသော အမုန်းတရားစကားလုံးပါ။ ယခုလို အာဃာတ၊ ဒေါသတို့ ရှိနေသမျှ ထိုနှစ်နိုင်ငံ ငြိမ်းချမ်းပွဲမလား။

တစ်ဦးတစ်ယောက်၏ အမုန်းတစ်ခုကြောင့် သန်းပေါင်းများစွာသော လူသားများ နေ့စဉ်ထိခိုက်သေကျေပျက်စီးနေရသည်မှာ ဖြစ်သင့်ပါသလား။ ဆန့်ကျင်ဘက်များကြီးထွားနေသမျှ ကမ္ဘာကြီးလည်း သာယာပါ့မလား။ ရန်သူကိုတောင် မေတ္တာဖြင့် အနိုင်ယူနိုင်စွမ်းသည့် ဗုဒ္ဓမြတ်စွာဘုရား၏ နာယူဖူးသမျှ တရားဒေသနာများနှင့် ယှဉ်ထိုးဆင်ခြင်ကြည့်မိသည်။ ယနေ့ခေတ်တွင် အင်အားသည်သာ အခရာဖြစ်၍ ကမ္ဘာကြီးကို လက်နက်နှင့်သာ တည်ဆောက်နေကြသည်မှာ ထိတ်လန့်စရာ။ အင်အားနှင့် ဟန်ရေးတပြပြ အခြေအနေတွင် ကမ္ဘာ့ပြည်သူများ ကျီးလန့်စာစားဘဝနှင့်သာ။ အကောင်းက နည်းနည်း၊ အကောင်းထက် အဆိုးက ပိုများနေသည့်ကမ္ဘာကြီးကို တွေ့မြင်ရသည်မှာ စိတ်မချမ်းသာစရာပါ။

**မေတ္တာဖြင့် ကြိုဆို၊ မေတ္တာထား မေတ္တာပွားရမှာ**

ဗုဒ္ဓသာသနာထွန်းကားရာနိုင်ငံတွင် ဓမ္မအသိဖြင့်နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင်များအနေဖြင့်မူ နှစ်သစ်ကို မေတ္တာဖြင့် ကြိုဆိုကြမည်သာဖြစ်သည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို လိုက်နာကျင့်ကြံပြီး ရင်ဆိုင်ဖြေရှင်းကြပါမည်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို မမေ့မလျော့ဆည်းကပ်၍ မကောင်းမှုကိုပယ်၊ ကောင်းမှုကို သယ်ဆောင်ကြပါမည်။ မေတ္တာဟူသည် တဏှာရာဂမဖက်ဘဲ သူ့အကျိုးကို လိုလားခြင်းမည်ပါသည်။ သူ့အကျိုးပျက်စီးမှာ မလိုလားသည်က မေတ္တာတရားပါ။ သူတစ်ပါး ပျက်စီးဖို့၊ သေစေဖို့၊ ကြံစည်ဖို့ ဝေးစွ။ မကောင်းမှုကို ဘယ်တော့မှဆုမတောင်း၊ ကောင်းမှုကိုသာ လိုလားသည့် တရားမြတ်တစ်ခုပါ။ ထို့ကြောင့် မေတ္တာသည် သူတစ်ပါးကို ပျက်စီးစေသည့် ခက်ထန်ကြမ်းတမ်းမှုပါသော ဒေါသ၏ ဆန့်ကျင်ဘက်တရားဖြစ်၍ ဒေါသကိုဖြေဖျောက်ရာတွင် မေတ္တာထား မေတ္တာပွား၍နေကြခြင်းသည်သာ အကောင်းဆုံးဖြစ်ပါလိမ့်မည်။

မေတ္တာသည် မိမိအတွက်မဟုတ်၊ သူ့အတွက်မျှသာတွေးပြီး လုပ်ကိုင်သည်။ အတ္တကို ဘယ်တော့မျှဗဟိုမပြုဆိုသည့်သဘောကို သိထားသည့်အတွက် သူ့အလိုအတိုင်းလည်း လိုက်လို့မရ၊ ငါ့အလိုအတိုင်းလည်းမဖြစ်၊ ဘာမှလည်းအစိုးမရဆိုသည့် သဘောကို ယှဉ်တွဲ၍ သဘောပေါက်ထားသည်။ ထို့ကြောင့်လည်း တစ်ဆက်တည်း ဘာမှလည်း မမြဲ၊ ဘာမှလည်း ဆုပ်ကိုင်ထားလို့မရ၊ အရာရာက ခဏတာ၊ ကြာရှည်တည်တံ့နေတာ ဘာတစ်ခုမျှမရှိ၊ အဖြစ်တစ်ခုက အဆုံးမှာ ပျက်သွားသည်သာဖြစ်၍ ဘာမှမမြဲဆိုသည်မှာ ပေါ်လွင်မြဲပါပဲ။ ဘုရားသာသနာ၏ အဆုံးအမက ဤသို့ပင်လာပါသည်။

**အကြောင်းများညီညွတ်၍**
**ဖြစ်ရသည့်အကျိုးတရားသိဖို့ရန်မှာ**

ထို့ကြောင့် ဘာမှမမြဲ၊ အရာရာဖြစ်ပြီးပျက်၊ အစိုးမရသည့်အတွက် ဘာကိုဆုပ်ကိုင်ထားမလဲ၊ လွတ်အောင် လွတ်ချသင့်သည်ကို လွတ်ချဖို့ ကိုယ့်ကိုယ်ကိုယ် ဆုံးမကြရအောင်ပါ။ မိမိလိုချင်သည်များရှိလည်း ရလာက ကြာရှည်မြဲမည်ဟု ထင်ပါသလား။ ချမ်းသာလာလျှင်လည်း ပို၍ချမ်းသာချင်သည်သာ။ ရလာတော့လည်း ပို၍ပိုင်ဆိုင်ချင်သည်သာ။ တဏှာသဘော၊ အစွဲသဘောများကြောင့်ပါ။ ထို့ကြောင့်လည်း ကောင်းကံ၊ မကောင်းကံများ ဖြစ်ကြရသည်။ အကြောင်းကံသတ္တိကြောင့် အကျိုးဘဝများ ထပ်ရကြသည်၊ ခန္ဓာများ ထပ်ဖြစ်ရသည်။ အကြောင်းကြောင့် အကျိုးဖြစ်ရသည့်သဘောများကိုလည်း မသိလို့မဖြစ်ပြန်။

ဤဘဝ၊ ဤခန္ဓာသည် အတိတ်အကြောင်း၊ ကံအကြောင်းများဆိုသည်ကို သိဖို့လိုပြန်သည်။ ယခုဘဝလုပ်တာ ကိုင်တာ၊ ပြောတာ ဆိုတာမှအစ ကုသိုလ်၊ အကုသိုလ်မှန်းမသိ။ ကိုယ်စိုက်တာ ကိုယ်ပြန်စားရမည်ဟူသောအကြောင်းကို ဂရုမစိုက်အားကြ။ ထို့ကြောင့်မသိ၍လုပ်ကြသည်။ ဘဝတို့ ထပ်ကာထပ်ကာဖြစ်ရသည်။ လူ့ဘဝ၊ နတ်ဘဝ၊ ငှက်ဘဝ၊ ခွေးဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝ စသည်၊ စသည် ခန္ဓာတို့ထပ်ရ။ ခန္ဓာဆိုသည်မှာ ပရမတ်သဘောအရ ရုပ်နှင့်နာမ်မျှသာဆိုသော်လည်း ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ စသည် ပညတ်အမြင်ကို မစွန့်နိုင်ကြပါ။ ခန္ဓာရလာတော့ လောကဓံကို ထပ်ကြုံရပြန်သည်၊ အကောင်းလောကဓံကြုံတော့ လောဘ၊ အဆိုးလောကဓံကြုံတော့ ဒေါသများ ထပ်ဖြစ်ကြရသည်။

ဤသံသရာတွင် ကျင်လည်နေသည်ကို အဟုတ်ထင်သည့် အထင်မှားမှုမှ အဆိုးများ၊ အဆိုးများ ထပ်ဖြစ်နေသည်ကိုမသိဘဲ အကောင်းဟုသာထင်မိသည်။ အဆိုးကိုအကောင်းနှင့် ပြန်လည်ကယ်တင်နေသည်ကိုလည်းမသိ၊ ထိုမသိမှု မောဟကြောင့်ပင် လောဘ၊ ဒေါသတို့ ထပ်ဖြစ်ကြပြန်သည်။ ထိုမသိမှုမောဟ၏ ဆန့်ကျင်ဘက်က အမောဟဖြစ်၍ ဓမ္မသဘောအရ ပညာဖြစ်သည်ဟု ဆိုပါသည်။ ထိုပညာဖြင့် ဆင်ခြင်မှု၊ ပိုင်းခြားဆုံးဖြတ်မှု၊ နှလုံးသွင်းမှုများဖြင့်သာ ကုသိုလ်ဘက်ကို ရှေးရှုသွားပါသည်။ ယုံကြည်မှုသဒ္ဓါတရားကို ပို၍အားကြီးသွားစေပါသည်။ အကြောင်းတရားတို့ ညီညွတ်၍ဖြစ်ရခြင်းကြောင့်သာ အကျိုးတရားဖြစ်ရသည်ဟူသော မှန်ကန်သောအမြင်ကို ရရှိသွားစေပါသည်။ ထိုမှန်ကန်သောယုံကြည်မှုမှ မျက်ကန်းယုံကြည်မှုများ၊ မျက်ကန်းအမြင်များကို ပပျောက်စေနိုင်သည်မှာလည်း အမှန်တရားတစ်ခု ဖြစ်ပါသည်။

**အသိကို အကျင့်နှင့်ပေါင်းကြရအောင်ပါ**

ထို့ကြောင့် နှစ်သစ်တွင်လည်း အကြောင်းများ ကောင်းအောင် ဆက်လုပ်ကြရပါဦးမည်။ အကြောင်းကောင်းအောင်လုပ်မည်ဆိုတော့ ဘာတွေကို ကောင်းအောင်လုပ်မလဲ။ လောဘ၊ ဒေါသ၊ မောဟတို့ နည်းစေမည်ပေါ့၊ ကာယကံ၊ ဝစီကံ၊ မနောကံများ ကောင်းအောင်နေကြမည်ပေါ့ ။ ကောင်းမြတ်သည့် တရားအားလုံးဆိုသည်က လေ့ကျင့်အားထုတ်ရမည့်အရာတွေပါ။ ဘယ်လိုလေ့ကျင့်ကြမလဲ။ ကာယကံ၊ ဝစီကံအမှုကို သီလကစောင့်ရှောက်ထိန်းသိမ်းပေးသည်ဆိုတာ ဗုဒ္ဓဘာသာဝင်အားလုံး သိထားပြီးသော တရားဖြစ်၍ ငါးပါးသီလ၊ ရှစ်ပါးသီလကို တတ်နိုင်သမျှ စောင့်ထိန်းကြပါမည်။ မနောကံကိုတော့ သမထ၊ ဝိပဿနာ၊ ဘာဝနာအားဖြင့် စောင့်ထိန်းနိုင်သည်။ မိမိစိတ်ကိုသတိလေးကပ်ပြီး ထိန်းကျောင်းဆင်ခြင်နေရသည့် ဘာဝနာအလုပ်ပေးတရားကြောင့် ကိလေသာအညစ်အကြေးများ တဒင်္ဂလေးကင်းနေသည်ကပင် အမြတ်တစ်ခုဖြစ်နေပါပြီ။

စက္ကန့်မလပ် အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောကို ဆင်ခြင်နိုင်လျှင်တော့ ကြီးစွာသောအမြတ်ဖြစ်မည်ပေါ့။ ထိုသို့အားထုတ်မှုမှရလာသည့် သတိ၊ သမာဓိတရားများကြောင့်ပင် လက်တွေ့ဘဝ ပတ်ဝန်းကျင်၌ ဘယ်လိုလူသူ၊ ဘယ်လိုနေရာ၊ ဘယ်လိုအခြေအနေတွင် ဘာအာရုံပဲလာလာ လောဘဆိုလည်း

စာမျက်နှာ ၇ သို့



လယ်ဝေးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်



ဒက္ခိဏသီရိမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာဆန္ဒမဲပေးရွေးချယ်

နေပြည်တော် ဒီဇင်ဘာ ၂၈

"အများယုံကြည် လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရွေးကောက်ပွဲ ကျင်းပရန် ကြေညာထားသည့် မြို့နယ် ၁၀၂ မြို့နယ်၌ တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိတို့နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်၊ ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်၊ လယ်ဝေးခရိုင် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်၊ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့ရှိ သက်ဆိုင်ရာမဲရုံများတွင် မဲရုံမှူးများနှင့် တာဝန်ရှိသူများက မဲရုံမဖွင့်လှစ်မီ မဲပုံးများအား နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များအား ပြသ၍ လုံခြုံရေးကြိုးတပ်ဆင်ပြီး နံနက် ၆ နာရီတိတိတွင် မဲရုံမှူးက မဲရုံကို ဖွင့်လှစ်ကြောင်း ကြေညာသည်။

ထို့အတူ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်



ဇေယျာသီရိမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်

အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် အဖွဲ့ဝင်များက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း ပြည်ပမှ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်သူများ၏ရှေ့မှောက်တွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် အသုံးပြုထားသည့် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)၊ ထိန်းချုပ်စက် (Control Unit)နှင့် ဆန္ဒပြုစက် (Ballot Unit)များအား စစ်ဆေးပြသခြင်းကို ဆောင်ရွက်ကြသည်။

မဲဆန္ဒရှင်ပြည်သူများသည် နံနက် ၆ နာရီ မတိုင်မီကတည်းက ဆန္ဒမဲပေးရန် သက်ဆိုင်ရာမဲရုံများအလိုက် လာရောက်တန်းစီစောင့်ဆိုင်းကြပြီး မဲရုံဖွင့်လှစ်ချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ မဲစာရင်းနံပါတ်များ တိုက်ဆိုင်စိစစ်၍ လျှို့ဝှက်ဆန္ဒပြုခန်းများ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် နေရာတို့အတွက် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့နှစ်သက်ရာကိုယ်စားလှယ်လောင်းများကို MEVM စက် အသုံးပြု၍ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

မဲရုံများအလိုက် လာရောက်ဆန္ဒမဲပေးကြသည့်ပြည်သူများ လွတ်လပ်လုံခြုံအေးချမ်းစွာ လျှို့ဝှက်ဆန္ဒမဲပေးနိုင်ခြင်း ရှိ၊ မရှိကို ပြည်တွင်းပြည်ပ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး အဖွဲ့များက လာရောက်စောင့်ကြည့်ကြပြီး ပြည်တွင်း ပြည်ပ သတင်းမီဒီယာများကလည်း လွတ်လပ်စွာသတင်းရယူကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကို ထုတ်ယူကာ စနစ်တကျရေတွက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတစ်ဝန်း၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၂၄ ဒသမ ၂၆ သန်း ကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးတွင် ယှဉ်ပြိုင်သည့်ပါတီ ခြောက်ပါတီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုအတွင်းတွင် ယှဉ်ပြိုင်သည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စုစုပေါင်း ၉၀၉၈၃၂ ရှိပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ရှစ်နယ်နှင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် တစ်နယ် စုစုပေါင်းမဲဆန္ဒနယ် ကိုးနယ်၌ မဲရုံစုစုပေါင်း ၆၂၆ ရုံတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် တစ်သီးပုဂ္ဂလငါးဦး အပါအဝင် နိုင်ငံရေးပါတီ ခုနစ်ပါတီမှ စုစုပေါင်းကိုယ်စားလှယ်လောင်း ၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၈ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြခဲ့သည့် မြန်မာ့စာမျက်နှာသစ် – ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆောင်းပါးဇယားတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (NUP)၏ ဥက္ကဋ္ဌ အမည် **ဦးဟန်ထွန်း** အစား **ဦးဟန်ရွှေ**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**❂ စာမျက်နှာ ၆ မှ**

မများအောင်၊ ဒေါသဆိုလည်း လျော့နိုင်အောင်၊ အမှန်သိ၍ တွေဝေမိုက်မှား မောဟဆိုလည်းဆင်ခြင်နိုင်အောင် နေတတ်လာမည်မှာဧကန်ပါ။ ကုသိုလ်၊ အကုသိုလ်ကို ခွဲခြားတတ်အောင် နာယူပြီးသကာလ ကာယကံ၊ ဝစီကံ၊ မနောကံအမှုတို့တွင် အကုသိုလ်များ ဖြစ်မသွားအောင် ဘာဝနာအကျင့်မှ ရလာသည့် သတိဆိုသည့်တရားနှင့်လည်း ထိန်းတတ်လာပါမည်။ ဤသည်ပင် ယခုပစ္စုပ္ပန်တွင် အကြောင်းများ ကောင်းအောင်လုပ်နေခြင်းဖြစ်ပါသည်။ ဝီရိယနှင့် သဒ္ဓါကိုပါ ထည့်ပေါင်းလိုက်လျှင်မူ ပို၍ကောင်းသော အထောက်အပံ့များ ဖြစ်သွားပါပြီ။

ဤလို တရားသဘောများ၊ အဆုံးအမများ များစွာ၊ များစွာကို အားလုံး၊ အားလုံးက လိုက်နာကျင့်ကြံကြရုံသာ။ အတိတ်ဘဝ ကုသိုလ်ကံကောင်းခဲ့၍ရခဲလှသည့်ပစ္စုပ္ပန်လူ့ဘဝတွင်အကြောင်းကောင်းများတည်ဆောက်ဖို့ အချိန်ကျန်သေးသည်ဆိုလျှင် ယခုအချိန်သည် အကောင်းဆုံးအချိန်ပါ။ သူသူငါငါ အပြစ်တင်မစောကြပါနှင့်။ ပြဿနာမှန်သမျှ တရားဖြင့် ရှေ့ဆောင်၍ ဖြေရှင်းကြမည်ဆိုလျှင် ပြေလည်နိုင်ပါသည်။။။ ဓမ္မအသိအခြေခံသည့် ပညာဉာဏ်နှင့်တကွ အမြော်အမြင်ရှိသည့်၊ အတ္တနည်းသည့် ခေါင်းဆောင်များ၊ နိုင်ငံသားများ၊ ကလျာဏမိတ်ဆွေကောင်းများ များစွာရှိနေသရွေ့ မိမိဖန်တီးချင်သည့် ပုံစံတစ်ခုကိုရမည်မလွဲပါ။ သို့မှသာ ဘာကိုမျှ လွန်လွန်ကျူးကျူးမဖြစ်စေဘဲ မိမိကိုရော မိမိလူ့အဖွဲ့အစည်းနှင့်ပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းစောင့်ရှောက်နိုင်ကြလိမ့်မည်ဟု သဘောပိုက်ပါသည်။

တရားအခံရှိသူသည် ပတ်ဝန်းကျင်နှင့်လည်း အဆင်ပြေပါသည်။ ပြဿနာကို စိတ်ထားဖြူဖြူစင်စင် ကြည်ကြည်လင်လင်ဖြင့် ဖြေရှင်းနိုင်စွမ်းရှိပါသည်။ ကောင်းမှု၊ မကောင်းမှုကို ရှင်းလင်းစွာ သိသည့်အတွက် ပေါက်ကွဲတော့မည့် အားပြိုင်မှုတွေကို များစွာလျော့ပါးစေနိုင်ပါသည်။ ထို့ကြောင့် ထိုအချင်းအရာများသည်သာ စစ်မှန်သောအရည်အချင်းများဖြစ်ပါသည်။ ထိုအရည်အချင်းများ ပိုင်ဆိုင်ထားသမျှ မဖြေရှင်းနိုင်စရာ ပြဿနာဟူ၍လည်း ရှိမည်မဟုတ်ပါ။ ပြည့်ဝသောလိုအင်ဆန္ဒ ချမ်းသာဟူသမျှသည် တရားဓမ္မမှသာလာသည်ကို ဤသို့ပင် သက်သေထူနိုင်ပါလိမ့်မည်။ ။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

**နေပြည်တော် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပပြီးစီးခဲ့သည့် အပိုင်း (၁) ရွေးကောက်ပွဲသို့ လာရောက်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Jasmine Nay Pyi Taw ဟိုတယ်၌ ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်၊ ဖိတ်ကြားထားသည့် ဒုတိယဝန်ကြီးများ၊ ရွေးကောက်ပွဲလာရောက် စောင့်ကြည့်လေ့လာခဲ့ကြသည့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့သည် မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် အရေးကြီးသည့် မှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိမဲပေးပိုင်ခွင့်ကို အသုံးပြုပြီး ဆန္ဒထုတ်ဖော်ပြသနေကြသည့် ရွေးကောက်ပွဲအပိုင်း (၁) ပြီးဆုံးသည့်နေ့ပင်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ နိုင်ငံ့ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်းတစ်ခုတည်းအတွက် မဟုတ်ပါကြောင်း၊ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်မှု၊ လွတ်လပ်မှုနှင့် တရားမျှတမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု စသည့်ဒီမိုကရေစီ၏တန်ဖိုးများကို ပေါ်လွင်ထင်ဟပ်စေခြင်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲတွင် အဆွေတော်တို့ စုပေါင်းပါဝင်ဆောင်ရွက်ခဲ့မှုများကို ချီးကျူးမှတ်တမ်းတင်သည့်အနေဖြင့် ဂုဏ်ပြုညစာစားပွဲ ကျင်းပပြုလုပ်ရခြင်း ဖြစ်ပါကြောင်း။

ရွေးကောက်ပွဲကျင်းပသည့် လုပ်ငန်းစဉ်တစ်လျှောက် ဘက်မလိုက်ဘဲ စောင့်ကြည့်လေ့လာခဲ့ကြသည့် အဆွေတော်အားလုံးကို မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံ ပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း၊ အဆွေတော်တို့၏ စောင့်ကြည့်လေ့လာမှုများသည် လွတ်လပ်မှု၊ တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို ခိုင်မာစေရုံသာမက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲတွင် ပါဝင်သူအားလုံးအတွက် ယုံကြည်မှုကို ခိုင်မာစွာ တည်ဆောက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံအဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သူများ၊ နိုင်ငံရေးပါတီများ၊ အထူးသဖြင့် နိုင်ငံသားတစ်ဦး၏တာဝန်သိစိတ်ဖြင့် လာရောက်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုးစားအားထုတ်မှုများကိုလည်း အဆွေတော်တို့ မျက်ဝါးထင်ထင် မှတ်ကျောက်တင်နိုင်ခဲ့ပြီဟုလည်း ယူဆပါကြောင်း၊ မိမိတို့နိုင်ငံ၏ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေမည့် အဆွေတော်တို့၏ ကောင်းမွန်သည့်လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း စောင့်မျှော်နေမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်မှုသည် မြန်မာနိုင်ငံ၏ကောင်းမွန်သည့် အရွေ့တစ်ခုကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြပြီး ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုအကအဖွဲ့၏ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ဖျော်ဖြေတင်ဆင်မှုများအပြီးတွင် အနုပညာဦးစီးဌာနအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူတွေက အခုလို စိတ်အားထက်သန်စွာ မဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်

### ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ



H.E Mr. Sholban Kara-Ool



Mr.Siarhei MIALESHKIN



Mr. Yerman Mukhtar



H.E. Mr. Mario Jose Armengol Campos

**နံနက် ၆နာရီတွင် မဲရုံဖွင့်လှစ်မည်ဖြစ်သော်လည်း နံနက် ၅ နာရီဝန်းကျင်မှ စတင်ကာ မဲဆန္ဒရှင်ပြည်သူများသည် ဒီဇင်ဘာ၏ အအေးဒဏ်ကို အံတု၍ တဖွဲဖွဲရောက်ရှိလာကြသည်။ ပြည်သူများသည် သက်ဆိုင်ရာမဲရုံများအလိုက် ဆန္ဒမဲပေးရန် စိတ်အားထက်သန်စွာ တန်းစီစောင့်ဆိုင်းကြပြီး မဲရုံဖွင့်သည်နှင့် လွတ်လပ်စွာဆန္ဒမဲများ ပေးခဲ့ကြသည်။ မဲဆန္ဒရှင်ပြည်သူများ၏ အနာဂတ်အတွက် မျှော်မှန်းချက်၊ ရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပညာပြည့်ဝမှု (Voter Education)၊ မဲပေးစဉ်ကြုံတွေ့ရသည့် အခက်အခဲ၊ လွတ်လပ်စွာမဲပေးနိုင်မှုရှိ/မရှိ အခြေအနေတို့ကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက်နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မဲရုံများသို့ သွားရောက်၍ စောင့်ကြည့်လေ့လာဆွေးနွေးမှုများ ဆောင်ရွက်ကြသည်။**

ထို့ပြင် မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် တွေ့ဆုံကာ ဆန္ဒမဲပေးရန် ဆောင်ရွက်ထားသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ အီလက်ထရောနစ် မဲပေးစက် အသုံးပြု၍ လွယ်ကူလျင်မြန်စွာ မဲပေးနိုင်မှုအပါအဝင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းလေ့လာကြသည်။

ထိုသို့ စောင့်ကြည့်လေ့လာမှုများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံတကာနှင့် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၏ မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုနှင့်ပတ်သက်၍ သဘောထားအမြင်များကို စုစည်းဖော်ပြလိုက်ရပါသည်။

**H.E Mr. Sholban Kara–Ool**
**ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ**

မြန်မာနိုင်ငံက ရွေးကောက်ပွဲကျင်းပနေတာကို နိုင်ငံတကာ စောင့်ကြည့် လေ့လာသူအနေနဲ့ လာရောက် လေ့လာခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ ဆန္ဒမဲပေးဖို့ တန်းစီစောင့်ဆိုင်းပြီး မှန်ကန်တဲ့အစိုးရတစ်ရပ်ကို ရွေးချယ်နေတယ်၊ အနာဂတ်ကို ရွေးချယ်နေတယ်ဆိုတာ ကြည့်ရှုရုံနဲ့သိရပါတယ်။ နိုင်ငံ့အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်တိုင်လည်း လာရောက်စစ်ဆေးကြီးကြပ်နေတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် ပြည်သူတွေရော နိုင်ငံ့ခေါင်းဆောင်တွေပါ ရွေးကောက်ပွဲကို စိတ်အားထက်သန်ကြတယ်ဆိုတာ တွေ့ရတယ်။ ပြည်သူတွေက သူတို့အတွက် ခေါင်းဆောင်၊ မှန်ကန်တဲ့ အစိုးရကို လျှို့ဝှက်စွာဆန္ဒမဲပေးရွေးချယ်နေကြတယ်။

ဒီလိုဆန္ဒမဲပေးနိုင်အောင်လည်း စနစ်တကျစီစဉ်ထားတာ တွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာလည်း ရွေးကောက်ပွဲကို ဒီလိုပုံစံအတိုင်း ကျင်းပပါတယ်။ အခုလို ကျင်းပနိုင်ခြင်းက စစ်မှန်တဲ့အစိုးရတစ်ရပ် ထွက်ပေါ်လာမယ်ဆိုတာ ယုံကြည်ပါတယ်။ ကျွန်တော်မြင်ရတာ ဒီရွေးကောက်ပွဲမှာ ပါတီတွေ အများကြီး ဝင်ရောက်ယှဉ်ပြိုင်တာ တွေ့ရပါတယ်။ ပါတီရဲ့ မူဝါဒတွေအပေါ်မှာ ပြည်သူတွေက နိုင်ငံအတွက် သင့်လျော်မယ့် ခေါင်းဆောင်ကို ဆုံးဖြတ်ရွေးချယ်နေကြတယ်။ ဒီစနစ်က ဒီမိုကရေစီလမ်းကြောင်းကို သွားမယ်ဆိုရင် အင်မတန် ကောင်းမွန်တဲ့စနစ်ဖြစ်ပါတယ်။ ပြည်သူတွေက အခုလိုစိတ်အားထက်သန်စွာမဲပေးနေတာ နိုင်ငံကို ပိုမိုကောင်းမွန်စေလိုတဲ့ စိတ်ဆန္ဒရှိတယ်ဆိုတာ တွေ့ရပါတယ်။ ရွေးကောက်ပွဲကို အောင်မြင်အောင် ပြုလုပ်နေတယ်။ နိုင်ငံ့အကြီးအကဲတွေကလည်း ဒီလိုအခြေအနေ ဖြစ်အောင် စိတ်အားထက်သန်စွာ ဖန်တီးပေးကြတယ်။ ရွေးကောက်ပွဲအလွန်မှာ လွှတ်တော်တွေ ပေါ်လာမယ်၊ အစိုးရအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ကြမယ်။ နိုင်ငံတည်ငြိမ်အေးချမ်းအောင် အစိုးရသစ်က ဆက်လက်ဆောင်ရွက်မှာဖြစ်ပြီး ဒီကတစ်ဆင့် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီးကို လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**Mr.Siarhei MIALESHKIN**
**ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် အမြဲတမ်းကောင်စီဝင်**

ဒီနေ့ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကျင်းပနေတာကို လာရောက်လေ့လာတာဖြစ်ပါတယ်။ အခုလို လိုက်ပြီး စောင့်ကြည့်လေ့လာတဲ့ အခါ မဲပေးဖို့လာတဲ့လူတွေက စိတ်ဝင်တစားနဲ့ တက်တက်ကြွကြွ ရှိကြတယ်။ မဲပေးဖို့ စီစဉ်ထားတဲ့ လုပ်ငန်းစဉ် အဆင့်ဆင့်ကလည်း ဥပဒေနဲ့အညီ စနစ်တကျရှိတာကို တွေ့ရပါတယ်။ မဲပေးတဲ့ ပြည်သူတွေ စိတ်အေးချမ်းသာစွာ မဲပေးနိုင်အောင်၊ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားတာလည်း တွေ့ရပါတယ်။ ပြည်သူတွေကလည်း သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ဆန္ဒမဲပေးနေကြတာ တွေ့ရပါတယ်။

**Mr. Yerman Mukhtar**
**ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ**

ဒီလိုရွေးကောက်ပွဲ ကျင်းပနိုင်တဲ့အတွက် ဂုဏ်ယူဝမ်းမြောက်တယ်ဆိုတာ အရင်ဆုံးပြောကြားလိုပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ရွေးကောက်ပွဲ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ဖို့ အကောင်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ထားတာ တွေ့ရပါတယ်။ နောက်တစ်ချက်က ပြည်သူတွေအနေနဲ့ ရွေးကောက်ပွဲကို စိတ်ဝင်စားကြတယ်။ လာရောက် မဲပေးတဲ့သူတွေထဲမှာ လူငယ်တွေ အများအပြားတွေ့ရပါတယ်။ ဒါကလည်း ကောင်းမွန်တဲ့အချက်ဖြစ်ပါတယ်။ မဲရုံတွေမှာ ပြည်သူတွေ အေးအေးချမ်းချမ်း မဲပေးလို့ရအောင် လုပ်ဆောင်ထားတာကိုတွေ့ရပြီး အီလက်ထရောနစ်မဲပေးစက်ကို အသုံးပြုပြီး မဲပေးကြတာကိုလည်း တွေ့ရပါတယ်။ လေ့လာခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ လေ့လာရတဲ့အခါ မဲဆန္ဒရှင်ပြည်သူတွေက စိတ်လက်အေးချမ်းစွာ၊ လွတ်လပ်စွာ စနစ်တကျ ဆန္ဒမဲပေးနိုင်တာတွေ့ရတယ်။ အီလက်ထရောနစ်မဲပေးစက် အသုံးပြုပြီး မဲပေးတဲ့စနစ်ကလည်း အင်မတန်ကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ ဒါကို အသုံးပြုခြင်းအားဖြင့် ပိုမိုလုံခြုံစွာ မဲပေးနိုင်ပြီး ရလဒ်တွေကိုလည်း လျင်လျင်မြန်မြန်ရေတွက်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲကို အခုလို အောင်အောင်မြင်မြင် ကျင်းပနိုင်ခြင်းက မြန်မာပြည်သူတွေအတွက် ကောင်းမွန်တဲ့အနာဂတ် ဖော်ဆောင်နိုင်မယ်လို့ ထင်မြင်ပါတယ်။

**H.E. Mr. Mario Jose Armengol Campos**
**ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး**

မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲကျင်းပနေမှုကို အခုလိုလာရောက်

“အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့” ဆောင်ပုဒ်နှင့်အညီ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်း(၁)အတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် မြို့နယ် ၁၀၂ မြို့နယ်၊ အပိုင်း (၂) အတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် မြို့နယ် ၁၀၀ နှင့် အပိုင်း (၃) အတွက် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် မြို့နယ် ၆၃ မြို့နယ်တို့၌ အောင်မြင်စွာ ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲများ ဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာ အသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်းလိုက် အောင်မြင်စွာ ကျင်းပနေမှုများကို ပါဝင်စောင့်ကြည့် လေ့လာကြမည် ဖြစ်ကြောင်း သိရသည်။

**အင်တာဗျူး– သူရကျော်စွာ**
**ဓာတ်ပုံ– ဖိုးပြည့်စုံ**





❖ ကျောဖုံးမှ

ယနေ့တွင် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမား လွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E Mr. Sholban Kara-Ool၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် Mr. Igor Borisov၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနမှ Ms.Chen Xuanbo၊ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ Mr.Alexei Bashan၊ ကာဇက်စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် ဒုတိယဥက္ကဋ္ဌ



Mr. Yerman Mukhtar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမျိုးလှိုင်နှင့်အတူ ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်



အထက(၁၄)ရှိ မဲရုံအမှတ်(၁)၊ ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် မင်္ဂလာဇမ္ဗူဟာ သာသနာ့ဗိမာန်ရှိ မဲရုံအမှတ်(၂)၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက် အထက(၁၃)ရှိ မဲရုံအမှတ်(၁)၊ ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက် အထက(၂၀)ရှိ မဲရုံအမှတ်(၁)၊ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက် အမက(၁၄၀)ရှိ မဲရုံအမှတ်(၃)နှင့် ပျဉ်းမနားမြို့နယ် ရွာကောက်ရပ်ကွက် အထက(၃)ရှိ မဲရုံအမှတ်(၄)တို့၌ မဲဆန္ဒရှင်ပြည်သူများက မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) အသုံးပြု၍ ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒပြုမဲပေးရွေးချယ်နေမှု၊ နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ စံနှုန်းများ၊ အလေ့အကျင့်ကောင်းများနှင့်အညီ လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုကို လေ့လာစောင့်ကြည့်ကြပြီး မဲဆန္ဒရှင်များနှင့် မဲရုံမှူးများကိုတွေ့ဆုံ၍ ၎င်းတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**လေ့လာစောင့်ကြည့်**

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွန်း ဦးဆောင်၍ ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် H.E. Mr. YICH Samethy၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေး အကြီးအကဲ Mr. Nguyen Duc Thinh၊ နီကာရာဂွါနိုင်ငံမှ Mr.Mario jose Armengol Campos၊ အိန္ဒိယနိုင်ငံမှ အငြိမ်းစားဗိုလ်ချုပ် Mr. Sahni Arun Kumar တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့များနှင့် မြန်မာ - ဂျပန်အသင်း (MJA) ကိုယ်စားလှယ်အဖွဲ့တို့ ပါဝင်သည့်နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့သွားရောက်၍ မဲရုံမှူးများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်များအား တွေ့ဆုံကာ ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။

ယခု ကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် စုစုပေါင်း ၂၄ ဒသမ ၂၆ သန်းကျော်ရှိပြီး မဲဆန္ဒနယ် ၆၉၂ နယ်၌ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စု တစ်ဝန်းလုံးတွင် ယှဉ်ပြိုင်မည့် ပါတီ ခြောက်ပါတီနှင့် တိုင်းဒေသကြီး/ပြည်နယ် တစ်ခုအတွင်းတွင် ယှဉ်ပြိုင်မည့် ပါတီ ၅၁ ပါတီ စုစုပေါင်း ၅၇ ပါတီမှ ကိုယ်စားလှယ်လောင်း ၄၈၆၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် လူငယ်များ ဆန္ဒမဲပေးမှုမြင်ကွင်း


























# ကျွန်မအတွက် ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိတာဖြစ်ပါတယ်။ နိုင်ငံအတွက် ပြည်သူတစ်ဦးအနေနဲ့ ပါဝင်ဆောင်ရွက်ပေးရမယ့် တာဝန်ကျေသွားပြီဆိုတဲ့စိတ်နဲ့ ဝမ်းသာပျော်ရွှင်ရပါတယ်

မနှင်းခက်ဝေ



မရတနာလှိုင်



မနှင်းခက်ဝေ



မသဲဆုမြတ်



ကိုဟန်လင်းနိုင်



မသီသီဝင်း



မမိုးစန္ဒာ



ကိုခင်မောင်စိုး



ဒေါ်ခင်မာစန်း



ဦးဇော်ဝင်း



ဒေါ်ဝါဝါအောင်

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ် ၁၀၂ မြို့နယ်၌ ယနေ့ နံနက် ၆ နာရီမှစတင်ကာ တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်ကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းမှ မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာမဲရုံများသို့ လာရောက်၍ လွတ်လပ်စွာ ဆန္ဒမဲပေးခဲ့ကြသည်။ ထိုကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ လွတ်လပ်စွာ ဆန္ဒပြုမဲပေးခဲ့ကြသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ပြည်သူများ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သည့် သဘောထားအမြင်များကို စုစည်းဖော်ပြအပ်ပါသည်။

**မရတနာလှိုင်(ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

မဲပေးဖို့အတွက် သူငယ်ချင်းတွေနဲ့ ကြိုတင်လာရောက်ပြီး စနစ်တကျ စောင့်ဆိုင်းခဲ့ပါတယ်။ မဲရုံစတင်ဖွင့်လှစ်တာနဲ့ အစောဆုံး မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးတဲ့အခါမှာ ဘာဖိအားမှမရှိဘဲ မဲပေးရပါတယ်။ အခု ရွေးကောက်ပွဲမှာ အရင်နှစ်တွေနဲ့မတူဘဲ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နဲ့ မဲပေးရတဲ့အတွက် ခံစားချက် အသစ်တစ်ခုရပါတယ်။ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)နဲ့ မဲပေးတဲ့အခါမှာလည်း ဘယ်လိုမဲပေးရမယ်ဆိုတာကို သတင်းစာတွေ၊ ရုပ်မြင်သံကြားတွေမှာ ကြိုတင်ကြည့်ထားတဲ့အတွက် အခက်အခဲမရှိခဲ့ပါဘူး။ ကျွန်မအတွက် ဒီရွေးကောက်ပွဲက ဒုတိယအကြိမ် မဲပေးခွင့်ရတာပဲ ဖြစ်ပါတယ်။ မဲပေးခွင့်ရတဲ့ နိုင်ငံသားတစ်ယောက်အနေနဲ့ ကျေနပ်ပီတိဖြစ်မိပါတယ်။ နိုင်ငံသားတစ်ယောက်တာဝန် ကျေတယ်လို့လည်း ခံစားရပါတယ်။

**မနှင်းခက်ဝေ(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

ကျွန်မအတွက် ပထမဆုံးအကြိမ် မဲပေးခွင့်ရရှိတာဖြစ်ပါတယ်။ နိုင်ငံသားတစ်ဦးအဖြစ် ပထမဆုံးမဲပေးခွင့်ရတဲ့ အတွေ့အကြုံက ရင်ခုန်စိတ်လှုပ်ရှားရပါတယ်။ မဲပေးပြီးသွားတဲ့အခါ နိုင်ငံအတွက် ပြည်သူတစ်ဦးအနေနဲ့ ပါဝင်ဆောင်ရွက်ပေးရမယ့် တာဝန် ကျေသွားပြီဆိုတဲ့စိတ်နဲ့ ဝမ်းသာပျော်ရွှင်ရပါတယ်။ MEVM စက်နဲ့မဲပေးရတဲ့အပေါ် ယုံကြည်မှုရှိပါတယ်။

**မသဲဆုမြတ်**

**(ရန်အောင်မြင်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)**

နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံးအကြိမ် လာရောက်မဲပေးရွေးချယ်ခွင့် ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ မဲရုံမဖွင့်ခင်ကတည်းက ကြိုတင်ရောက်အောင် လာပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ပထမဆုံးအကြိမ် ရွေးချယ်ခွင့်ရတဲ့ ကိုယ်စားလှယ်လောင်းက နိုင်ငံနဲ့ ပြည်သူအတွက် သေချာအလုပ်လုပ်ပေးရင် ကျွန်မတို့ အခုလို လာရောက်မဲပေးရကျိုးနပ်ပါတယ်။ ဒါကြောင့် ကိုယ်တိုင် သေချာစဉ်းစားဆန္ဒပြုရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်လောင်း အနိုင်ရရှိပါစေလို့လည်း ဆုတောင်းပေးပါတယ်။

**ကိုဟန်လင်းနိုင်(ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

နိုင်ငံသားတစ်ဦးအနေနဲ့ အခုလို ဆန္ဒမဲပေးခွင့်ရတာ ကျေနပ်ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ ပေးလိုက်တဲ့ ဆန္ဒမဲတစ်မဲစီက ကျွန်တော်တို့ရဲ့ အနာဂတ် မျှော်လင့်ချက်တွေကို ထင်ဟပ်စေပါတယ်။ လွှတ်တော်ကာလ ငါးနှစ်လုံး ကိုယ့်မြို့နယ်အတွက် အမှန်တကယ် အလုပ်လုပ်နိုင်တဲ့သူ၊ ကိုယ်ကျိုးမငဲ့ကွက်ဘဲ ကိုယ့်ပြည်သူတွေရဲ့ အကျိုးကို မြေပြင်ကွင်းဆင်း လေ့လာပြီး လွှတ်တော်အတွင်းကနေ တင်ပြဆွေးနွေးပေးနိုင်မယ်လို့ ယူဆရတဲ့သူကို မဲပေးခဲ့ပါတယ်။ ကျွန်တော်တို့ရွေးချယ်ပေးလိုက်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော်ထဲကို ရောက်မယ်။ အဲဒီကနေ တစ်ဆင့် ကျွန်တော်တို့ နိုင်ငံအတွက် ခိုင်မာအားကောင်းပြီး စနစ်ကျနတဲ့ အစိုးရတစ်ရပ် ပေါ်ထွက်လာမယ်လို့ ယုံကြည်ပါတယ်။ နိုင်ငံသားတစ်ဦးအနေနဲ့ မျှော်လင့်တာကတော့ ‘clean government and good governance’ အစိုးရပါပဲ။

**မသီသီဝင်း(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

အရင်တုန်းက မဲပေးရတာထက် အခု MEVM စက်နဲ့ မဲပေးရတာက ပိုပြီး အဆင်ပြေလွယ်ကူပါတယ်။ ပြီးတော့ ကိုယ်တိုင်ဆန္ဒပြုထားတဲ့ ကိုယ်စားလှယ်တွေ မှန်ကန်မှု ရှိ မရှိ ပြန်လည်သိရှိခွင့်ရပါတယ်။ ကိုယ့်နိုင်ငံအတွက် တကယ်အလုပ်လုပ်ပေးမယ့် သူတွေကို လူငယ်တစ်ဦးအနေနဲ့ ပါဝင်ဆန္ဒပြုခွင့်ရတဲ့အပေါ် ဝမ်းသာမိပါတယ်။ ပြီးတော့ နိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခွင့်ရတယ်လို့လည်း ခံစားမိပါတယ်။

**မမိုးစန္ဒာ(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

ကျွန်မက ပထမဆုံးအကြိမ် ဆန္ဒမဲပေးခွင့်ရမှာ ဖြစ်တဲ့အတွက် စိတ်လှုပ်ရှားနေပါတယ်။ ကိုယ့်နိုင်ငံအကျိုးအတွက် မဲပေးသင့်တယ်ဆိုတဲ့ ခံယူချက်နဲ့ လာရောက်မဲပေးတာဖြစ်ပါတယ်။ မဲပေးရတာလည်း အဆင်ပြေပါတယ်။ မဲရုံမှူးနဲ့ မဲရုံတာဝန်ရှိသူအားလုံးက ပူးပေါင်းဆောင်ရွက်ပေးတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်မှာ ကျွန်မတို့လို လူငယ်တွေကို ပိုပြီးပါဝင်စေချင်ပါတယ်။ ဒါမှ နိုင်ငံအတွက်၊ လူငယ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေရဲ့အားနဲ့ ပိုပြီးလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**ကိုခင်မောင်စိုး(ဉာဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

လွတ်လွတ်လပ်လပ် မဲပေးခဲ့ရပါတယ်။ ကိုယ်ကြိုက်နှစ်သက်တဲ့ ကိုယ်စားလှယ်လောင်းကို သေချာမဲပေးနိုင်ခဲ့တဲ့အတွက် ကျေနပ်ပါတယ်။ ကိုယ့်နိုင်ငံအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ ကိုယ်ယုံကြည်အားကိုးလို့ မဲပေးခဲ့တဲ့ပါတီက ကိုယ်စားလှယ်လောင်း အနိုင်ရခဲ့မယ်ဆိုရင် ကျန်းမာရေး၊ စီးပွားရေးက အရေးကြီးတယ်ဆိုပေမယ့် လူငယ်တွေရဲ့ အနာဂတ်ဖြစ်တဲ့ ပညာရေးအပိုင်းကို ပိုပြီးအလေးထားဆောင်ရွက်စေချင်ပါတယ်။ ရွေးကောက်ခံကိုယ်စားလှယ်လောင်းတွေအနေနဲ့ နိုင်ငံအတွက်၊ ပြည်သူအတွက် တာဝန်ကျေဖို့ပဲ ကျန်ပါတော့တယ်။ အားလုံးလည်း တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။

**ဒေါ်ခင်မာစန်း( ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မအတွက် အခုကျင်းပတဲ့ ရွေးကောက်ပွဲအပါအဝင် မဲပေးခွင့်ရတာ သုံးကြိမ်ရှိပါပြီ။ မဲပေးဖို့အတွက် မဲရုံကို နံနက် ၅ နာရီခွဲကတည်းက ကြိုတင်ရောက်ရှိခဲ့တာပါ။ ဒါကြောင့် မဲပေးတဲ့အခါမှာ တန်းစီပြီး မစောင့်ရဘဲ မဲရုံစဖွင့်တာနဲ့ မဲပေးခွင့်ရခဲ့ပါတယ်။ မဲပေးခွင့်ရတဲ့အတွက်ပျော်လည်းပျော်တယ်။ မဲပေးတဲ့အခါ မှားယွင်းမှု မရှိဖို့ မဲစာရင်းပါ မပါ၊ မဲပေးတဲ့အခါမှာ သတိပြုရမယ့်အချက်တွေ၊ စက်နဲ့ ဘယ်လိုမဲပေးရမယ် ဆိုတာတွေကို လေ့လာခဲ့ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ ကိုယ်ထောက်ခံတဲ့ပါတီ၊ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းတွေကို လွတ်လွတ်လပ်လပ်နဲ့ စိတ်ချလုံခြုံစွာ မဲပေးခွင့်ရတဲ့အတွက် ကျေနပ်ပါတယ်။ ကိုယ်မဲပေးခဲ့တဲ့ ကိုယ်စားလှယ်လောင်းက ကိုယ့်ရဲ့ သားသမီးတွေနဲ့အတူ လူငယ်တွေရဲ့ အနာဂတ်ကို မြှင့်တင်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဦးဇော်ဝင်း(ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်)**

မဲဆန္ဒရှင် ပြည်သူတစ်ဦးအနေနဲ့ အခုလို မဲပေးရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ စက်နဲ့ မဲပေးရတဲ့အတွက် ရှင်းရှင်းလင်းလင်းနဲ့ ကိုယ်ပေးချင်တဲ့ပါတီနဲ့ ကိုယ်စားလှယ်ကိုသေချာပေးခဲ့ရတဲ့အတွက် စိတ်ကျေနပ်မှုရှိပါတယ်။ အခက်အခဲ မရှိပါဘူး။ ဒီနေ့မဲလာပေးတဲ့ ပြည်သူတွေအားလုံးကို ကြည့်မယ်ဆိုရင်လည်း စက်နဲ့ မဲပေးတဲ့စနစ်ကို အားပေးထောက်ခံမှုတွေ ရှိတာကို တွေ့ခဲ့ရပါတယ်။ မနက်အစောထပြီး မိသားစုနဲ့လာရောက်အားတက်သရော မဲလာပေးခြင်းဖြစ်ပါတယ်။ ပြည်သူလူထုနဲ့ နိုင်ငံအတွက် အကျိုးပြုမယ့် ကိုယ်စားလှယ်လောင်းတွေကို ရွေးချယ်နိုင်ကြပြီးတော့ တိုင်းကျိုးပြည်ကျိုးကို ဆက်လက်ဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းပေးပါတယ်။

**ဒေါ်ဝါဝါအောင်(အမှတ်(၃) မဲရုံမှူး၊ ဥတ္တရသီရိမြို့နယ်)**

ဒီနေ့မှာတော့ ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိရပ်ကွက် အမှတ်(၃) မဲရုံမှာ မဲရုံမှူးတာဝန်ထမ်းဆောင်ရပါတယ်။ ကျွန်မတို့ မဲရုံမှာတော့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၃၃၄၃ ဦး ရှိပါတယ်။ ဒီမဲပေးပိုင်ခွင့်ရှိသူတွေ အေးချမ်းစွာ မဲပေးနိုင်ဖို့ ပြည်သူ့လွှတ်တော်အတွက် မဲပေးစက်တစ်လုံးနဲ့ အမျိုးသားလွှတ်တော် အတွက် မဲပေးစက်တစ်လုံး စီစဉ်ထားပါတယ်။

**စာမျက်နှာ ၁၂ သို့** ☆



**ဇမ္ဗူသီရိမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။** နီလာ(ပြန်/ဆက်)

✰ စာမျက်နှာ ၁၁ မှ

**စာရေးဆရာ ရဲမွန်ကျော်**
**(နဝဒေးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်)**

အခုလို MEVM စက်နဲ့ မဲပေးရတာ အားရကျေနပ်မှုရှိပါတယ်။ အရင်မဲပေးခဲ့တုန်းက မဲစာရွက်ပေါ်မှာ ဘောပင်နဲ့ခြစ်ပြီး မဲပေးခဲ့ရတာဖြစ်တဲ့အတွက် မင်စွန်းသွားရင်ဖြစ်ဖြစ်၊ မှားယွင်းစွာ မဲပေးမိရင်ဖြစ်ဖြစ် ပယ်မဲဖြစ်သွားပါတယ်။ အီလက်ထရောနစ်နည်းပညာတွေ အဆင့်မြင့်မားလာတဲ့အတွက် စက်တွေနဲ့ မဲပေးရတဲ့အခါမှာ စက်တွေက မှားယွင်းစရာမရှိတဲ့အတွက် ပိုပြီးသဘောကျမိပါတယ်။ နိုင်ငံသားတိုင်းက မဲပေးရမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲကို ဖြတ်သန်းမှသာ ဒီမိုကရေစီနိုင်ငံနဲ့ လွှတ်တော်တွေ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။


စာရေးဆရာ ရဲမွန်ကျော်

ကျွန်တော်တို့ ဖြစ်ချင်တာတွေ၊ သိချင်တာတွေကို ရွေးချယ်လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကနေတစ်ဆင့် နိုင်ငံတော်ကို တင်ပြခွင့်ရမှာ ဖြစ်တဲ့အတွက် ပြည်သူတိုင်း မဲထည့်သင့်ပါတယ်။


ဒေါ်ရွှေဝါ

**ဒေါ်ရွှေဝါ(အမှတ်-၃ ရပ်ကွက်၊ လယ်ဝေးမြို့)**

နိုင်ငံသားတစ်ယောက်အနေနဲ့ အခုလိုလာရောက်ပြီးတော့ မဲပေးခွင့်ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်။ မဲဆန္ဒပေးရွေးချယ်ခဲ့တဲ့နေရာမှာလည်း ပြည်သူတစ်ယောက်အနေနဲ့ ယုံကြည်အားထားလို့ရမယ့် ပါတီက ကိုယ်စားလှယ်ကို ဆန္ဒမဲပေးခဲ့ပါတယ်။ ဆန္ဒမဲပေးတဲ့နေရာမှာလည်း မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးရတာ လွယ်ကူတယ်၊ အဆင်ပြေပါတယ်။ ပိုကောင်းတာက ကိုယ်ရွေးချယ်မဲပေးလိုက်တဲ့ပါတီရဲ့ ကိုယ်စားလှယ် ဟုတ်၊ မဟုတ်ဆိုတာ သိခွင့်ရတာပါ။


ဥတ္တရသီရိမြို့နယ် မဲရုံ-၄ ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်


ဦးစိုးငြိမ်း

**ဦးစိုးငြိမ်း(ဒက္ခိဏသီရိရပ်ကွက်၊ ဒက္ခိဏသီရိမြို့နယ်)**

လာရောက်မဲပေးရတာ အားလုံး အဆင်ပြေပါတယ်။ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် ပိုပြီးတော့လည်း တိကျပြီး မြန်ဆန်လာပါတယ်။ ကိုယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်လောင်း သေချာလား၊ မသေချာဘူးလား ဆိုတာ သိခွင့်ရတဲ့အတွက် တိကျမှန်ကန်ပါတယ်။ ကိုယ်ရွေးချယ်ချင်တဲ့ ကိုယ်စားလှယ်ကို ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်ခဲ့တယ်။ ဒီကိုယ်စားလှယ်တွေက ပြည်သူ့အကျိုး၊ ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုး အားလုံးကို အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ဖို့ မျှော်လင့်ပါတယ်။ ပြည်သူအတွက် အလုပ်လုပ်ပေးရင် ကျေနပ်ပါတယ်။


ဒေါ်သန်းသန်းအေး

**ဒေါ်သန်းသန်းအေး(ဇီးဖြူကုန်းကျေးရွာ၊ ဒက္ခိဏသီရိမြို့နယ်)**

ဆန္ဒမဲပေးဖို့ နံနက် ၄ နာရီခွဲကတည်းက မဲရုံရှေ့ကို ရောက်နေတာပါ။ မဲရုံဖွင့်တာနဲ့ အရင်ဆုံးပေးချင်တာပါ။ နိုင်ငံသားတစ်ယောက် ပီသချင်လို့ဖြစ်ပါတယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ အခုလို မဲလာပေးခွင့်ရတာ အင်မတန် ကျေနပ်မိပါတယ်။ နိုင်ငံ့အနာဂတ်အတွက် မဲပေးကြတာဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲကနေ ထွက်ပေါ်လာမယ့် နိုင်ငံ့တာဝန်ထမ်းဆောင်မယ့်သူတွေကို နိုင်ငံအတွက် ပိုပြီးကောင်းအောင် လုပ်နိုင်မယ့်သူတွေ ဖြစ်ပါစေလို့ ဆုတောင်းပြီး ဆန္ဒအပြည့်နဲ့ လာရောက်မဲပေးခြင်းဖြစ်ပါတယ်။ ကောင်းသောပြောင်းလဲခြင်းတွေနဲ့ ဖြစ်လာမယ်လို့လည်း ယုံကြည်ပါတယ်။ ဆန္ဒမဲပေးတဲ့ လုပ်ငန်းစဉ်အားလုံး အဆင်ပြေပါတယ်။ အခုလို ပြည်သူတစ်ယောက်အနေနဲ့ မဲပေးတဲ့အခါ ကျွန်မတို့အနေနဲ့ လူကိုလည်းကြည့်ပါတယ်။ ပါတီကိုလည်းကြည့်ပါတယ်။ ပြည်သူနဲ့ နိုင်ငံအတွက် ကောင်းကျိုးပြုမယ့် ကိုယ်စားလှယ်လောင်းကို ကြည့်ပြီး မဲပေးရွေးချယ်ခဲ့ပါတယ်။


ဒေါ်သိန်းသိန်း

**ဒေါ်သိန်းသိန်း**
**(ရန်အောင်မြင်ကျေးရွာအုပ်စု၊ ဒက္ခိဏသီရိမြို့နယ်)**

ကိုယ့်ရပ်ရွာကို အကျိုးပြုနိုင်မယ့် ကိုယ်စားလှယ်လောင်းကို ဆန္ဒမဲပေးနိုင်ဖို့အတွက် နံနက် ၄ နာရီခွဲကတည်းက အသင့်ပြင်ဆင်ပြီး ကြိုတင်လာရောက်စောင့်ဆိုင်းနေတာဖြစ်ပါတယ်။ မဲရုံဖွင့်ဖွင့်ချင်း မဲပေးခဲ့တယ်။ မြန်မာအီလက်ထရောနစ်မဲပေးစက်နဲ့ မဲပေးရတာ လွယ်ကူမြန်ဆန် တိကျတဲ့အပြင် ကိုယ်ထည့်လိုက်တဲ့ ကိုယ်စားလှယ်လောင်းစလစ်ကိုလည်း မြင်တွေ့ခွင့်ရတဲ့အတွက် ဆန္ဒမဲပေးတဲ့ လုပ်ငန်းအားလုံး အဆင်ပြေပါတယ်။

**သတင်းအဖွဲ့**




ဇေယျာသီရိမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်


ဒက္ခိဏသီရိမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်


လယ်ဝေးမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင် ပါဝင်ဆန္ဒမဲပေး

**ဟိုပုံး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်မဲဆန္ဒနယ်များ၌ ကျင်းပရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ မဲဆန္ဒရှင် ပြည်သူများအားလုံး သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

ထိုသို့ ဆန္ဒမဲပေးကြရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ခွန်စံလွင်နှင့် ဇနီး၊ မိသားစုဝင်များနှင့်အတူ ဟိုပုံးမြို့ တောင်ရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း မဲရုံအမှတ်(၃)၌ ပါဝင်ဆန္ဒမဲပေးကြသည်။ ဟိုပုံးမြို့နယ်၌ မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စုရှိပြီး မဲရုံစုစုပေါင်း ၇၈ ရုံရှိကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၁) စတင်ကျင်းပ မန္တလေးတိုင်းဒေသကြီး မြို့နယ် ရှစ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး

**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲ ကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင် ပြည်သူများအနေဖြင့်လည်း သတ်မှတ်မဲရုံအသီးသီး၌ စိတ်အေးချမ်း လွတ်လပ်စွာဖြင့် ဆန္ဒမဲများပေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှ စတင်၍ စနစ်တကျ ဖွင့်လှစ်ပေးခဲ့ရာ မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏ စည်းမျဉ်းစည်းကမ်းများ အတိုင်းလိုက်နာကာ ဆန္ဒမဲများ ပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနိုင်ရေး အတွက် မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယနေ့ကျင်းပသည့်ရွေးကောက်ပွဲ အပိုင်း(၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နှင့် မိတ္ထီလာမြို့နယ် စသည့် မြို့နယ် ရှစ်မြို့နယ်တို့ပါဝင်ပြီး အဆိုပါ မြို့နယ်ရှစ်မြို့နယ်တွင် မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၀၀၀၀၀ ကျော်အတွက် မဲရုံပေါင်း ၁၂၄၂ ရုံကို စနစ်တကျ ဖွင့်လှစ်ထားရှိကာ နိုင်ငံရေးပါတီ ကိုးခုနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ် သုံးဦးတို့ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံကြကြောင်း သိရသည်။

တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ အဆင်ပြေချောမွေ့စွာ မဲပေးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက "အရင်ရက်တွေမှာတော့ ကြိုတင်မဲပေးတဲ့ လုပ်ငန်းစဉ်တွေကို စနစ်တကျနဲ့ အောင်မြင်စွာ ဆောင်ရွက်ပြီးပါပြီ။ ဒီနေ့ ကျင်းပတဲ့ ရွေးကောက်ပွဲမှာလည်း ပြည်သူတွေ လွတ်လွတ်လပ်လပ်နဲ့




ဦးကျော်သန်းထွန်း

စိတ်အေးချမ်းသာစွာ မဲပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပြီး ရွေးကောက်ပွဲ အပိုင်း(၂)ကိုလည်း သတ်မှတ်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲဆိုတာ ဒီမိုကရေစီစနစ်မှာ မလွဲမသွေ ဖြတ်သန်းရတဲ့ အခြေခံအုတ်မြစ် ဖြစ်ပါတယ်။ နိုင်ငံသားအားလုံးအနေနဲ့ ရွေးကောက်ပွဲကြီး အောင်မြင်ဖို့အတွက် အသည်းကြားက မဲတစ်ပြားကို သက်ဆိုင်ရာ လွှတ်တော်များအလိုက်ပေးကြစေလိုပါတယ်။ ဒီလိုမဲပေးခြင်းဖြင့် တာဝန်ကျေတဲ့ နိုင်ငံသားတစ်ယောက်ဖြစ်အောင် ကြိုးပမ်းပေးကြစေလိုပါတယ်"ဟု ပြောသည်။



ဒေါ်ချောစုကြည်

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ မဲရုံမှူး တာဝန် ထမ်းဆောင်နေသည့် ဒေါ်ချောစုကြည်ကလည်း "ကျွန်မတို့မဲရုံကတော့ မဲရုံအမှတ်(၁) ဖြစ်ပါတယ်။ မဲရုံတာဝန်ကျသူ ၁၂ ဦး ရှိပါတယ်။ မဲရုံကြိုတင်မှုတွေ အနေနဲ့ စက်ပိုင်းဆိုင်ရာ၊ မီးဘေး၊ လုံခြုံရေးအားလုံးကို ပြင်ဆင်ထားပါတယ်။ မဲပေးစက်အနေနဲ့လည်း လေးလုံး ပြင်ဆင်ထားပါတယ်။ ကျွန်မတို့မဲရုံမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၇၂ ဦးရှိပါတယ်။ ကြိုတင်မဲကတော့ ၆၁ ဦး ရှိပါတယ်။ ကျွန်မတို့မဲရုံမှာ ပြည်သူတွေ စိတ်ချမ်းသာစွာ မဲပေးနိုင်ဖို့ စီစဉ်ထားတဲ့အတွက် မဲလာရောက်ပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။



ဦးမင်းဟန်ကျော်

ယခု ရွေးကောက်ပွဲတွင် မဲမသမာမှုများ ကင်းစင်စေရန်နှင့် မဲပေးမှုလုပ်ငန်းစဉ်များ ပိုမိုတိကျမြန်ဆန်စေရန်အတွက် မြန်မာ အီလက်ထရောနစ် မဲပေးစက် (Myanmar Electronic Voting Machine – MEVM)ကို အသုံးပြုသည့်အတွက် ပြည်သူများ အနေဖြင့် မိမိတို့နှစ်သက်သည့် နိုင်ငံရေးပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်း၏ အမည်နှင့် အမှတ်တံဆိပ်ဘေးရှိ ခလုတ်ကို နှိပ်၍ လွယ်ကူလျင်မြန်စွာ ဆန္ဒမဲပေးခဲ့ကြသည်။

မဲလာရောက် ပေးသည့် အောင်မြေသာစံ မြို့နယ်မှ ဦးမင်းဟန်ကျော်က "အခုလို မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အဆင်ပြေလွယ်ကူပါတယ်။ အရင်ကလည်း မဲပေးခဲ့ဖူးပါတယ်။ အရင်ကထက်စာရင် အခုလို စက်ခလုတ်နှိပ်ပြီး မဲပေးရတာ ပိုပြီးရှင်းလင်းလွယ်ကူ မြန်ဆန်ပါတယ်။ တာဝန်ရှိသူတွေကလည်း မဲပေးတဲ့သူတွေ အခက်အခဲမရှိအောင် လိုအပ်တာတွေကိုလိုက်လံ ရှင်းလင်း ပြသပေးပါတယ်။ မဲပေးတဲ့အခါမှာလည်း လွတ်လပ်ပါတယ်။ ကိုယ်မဲပေးခဲ့တဲ့သူတွေကလည်း အရင်ကတည်းက သူတို့ဆောင်ရွက်ပေးမယ့် အရာတွေကို ပြည်သူလူထုသိရှိအောင် ပြောထားပြီးသားဖြစ်တဲ့အတွက် ပြောထားတဲ့အတိုင်း လုပ်ဆောင်သွားမယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

မဲလာရောက် ပေးသည့်



ဒေါ်မော်မော်စန်း

ဒေါ်မော်မော်စန်းကလည်း "ဒီနေ့ မဲပေးရတာ အတော်ကိုအဆင်ပြေချောမွေ့ပါတယ်။ အခက်အခဲလည်းမရှိခဲ့ပါဘူး။ မဲရုံတာဝန်ရှိသူတွေကလည်း လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးပါတယ်။ မဲပေးပြီးပြီဆိုတော့ နိုင်ငံသားတစ်ယောက်တာဝန် ကျေပွန်သွားပြီလို့ ခံစားရတဲ့အတွက် အလွန်ပျော်ရွှင်မိပါတယ်။ မဲပေးစက်နဲ့ပေးရတဲ့အပေါ်မှာလည်း ယုံကြည်မှုအပြည့်ရှိပါတယ်။ ကျွန်မရဲ့ အသက်(၅၅)နှစ်မှာ မဲထပ်ပေးရတဲ့အတွက်လည်း ဝမ်းသာမိပါတယ်"ဟု ပြောသည်။

မဲပေးမှု နောက်ဆုံးသတ်မှတ်ထားသည့် ညနေ ၄ နာရီတွင် မဲရုံများ ပိတ်သိမ်းပြီးနောက် မဲပေးစက်မှ ထွက်ရှိလာသော ရလဒ်များကို သက်ဆိုင်ရာ မဲရုံအသီးသီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မဲရုံအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများ၏ရှေ့မှောက်၌ ရေတွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့်ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ပြည်သူ့လွှတ်တော်နေရာ၊ အမျိုးသားလွှတ်တော်နေရာ၊ တိုင်းဒေသကြီးလွှတ်တော်နေရာနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတို့ အတွက် ပါတီအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ် လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးချယ်ခံခဲ့ကြကြောင်း သိရသည်။

**မင်းထက်အောင်**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကျင်းပ မဲဆန္ဒရှင်ပြည်သူများ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်

## ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များက စောင့်ကြည့်လေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ယနေ့နံနက် ၆ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သတ်မှတ်ထားသည့် မဲရုံအသီးသီး၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက မိမိကြိုက်နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား လွတ်လပ်စွာ ဆန္ဒမဲ လာရောက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကျင်းပနေမှုများကို ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကလည်း လွတ်လပ်စွာသတင်းရယူလျက်ရှိပြီး ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ပြည်တွင်း၊ပြည်ပရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များကလည်း မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲ လာရောက်ပေးနေမှု အခြေအနေများကို စောင့်ကြည့် လေ့လာခဲ့ကြသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအပိုင်း (၁)အဖြစ် ရန်ကုန်တိုင်းဒေသကြီး အတွင်း ကမာရွတ်၊ ကျောက်တံတား၊ တိုက်ကြီး၊ တွံတေး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဗိုလ်တထောင်၊ မရမ်းကုန်း၊ မင်္ဂလာဒုံ၊ မှော်ဘီ၊ သင်္ဃန်းကျွန်း၊ သန်လျင်နှင့် အလုံမြို့နယ်တို့တွင် မဲရုံ ၁၃၁၃ ရုံ ဖွင့်လှစ်ကျင်းပခဲ့သည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၂)ကို ဗဟန်း၊ ပန်းဘဲတန်း၊ လသာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒေါပုံ၊ ပုဇွန်တောင်၊ လှိုင်၊ ရွှေပြည်သာ၊ ထန်းတပင်၊ လှည်းကူး၊ တောင်ဥက္ကလာပ၊ ကိုကိုးကျွန်း၊ ကြည့်မြင်တိုင်နှင့် အင်းစိန်မြို့နယ်တို့တွင် မဲရုံ ၁၁၇၁ ရုံဖြင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် အပိုင်း(၃) ကို ဒဂုံ၊ လမ်းမတော်၊ ဆိပ်ကြီး/ခနောင်တို၊ ဒလ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ မြောက်ဥက္ကလာပ၊ တာမွေ၊ ရန်ကင်း၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ၊ စမ်းချောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တို့တွင် မဲရုံ ၁၃၀၀ ဖြင့်လည်းကောင်း ဖွင့်လှစ်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၄၅ မြို့နယ်တွင် မဲရုံပေါင်း ၃၇၈၄ ရုံ ဖွင့်လှစ်ထားကာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၉၃၈၈၂၃ ဦးရှိပြီး နိုင်ငံရေးပါတီပေါင်း ၂၀ နှင့် တစ်သီးပုဂ္ဂလ ၄၆ ဦး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၈၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဖြစ်စေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM)ကို စတင်အသုံးပြုခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မဲရုံမှူးများနှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **သတင်းစဉ်**



ကမာရွတ်မြို့နယ် မဲရုံအမှတ် (၁)၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံမှူးနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။




ကျောက်တံတားမြို့နယ် မဲရုံအမှတ် (၁)၌ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။



အလုံမြို့နယ် မဲရုံအမှတ် (၁)၌ မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။





ကျောက်တံတားမြို့နယ် မဲရုံအမှတ် (၁)၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ ဒုတိယအကြီးအကဲနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။




အလုံမြို့နယ် မဲရုံအမှတ် (၁)၌ ဆန္ဒမဲရေတွက်နေမှုကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်အဖွဲ့ ကြည့်ရှုလေ့လာစဉ်။

# ရွေးကောက်ပွဲပြီးရင် အခြေအနေကောင်းတစ်ခု ပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် တိုင်းပြည်အနာဂတ်ကိုကြည့်ပြီး လုပ်ဆောင်နိုင်မယ်ထင်တဲ့ပါတီကို မဲပေးခဲ့ပါတယ်

ကိုရဲမင်းဦး(မဲဆန္ဒရှင်တစ်ဦး)

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက်ပိုင်းမှစတင်၍ လွတ်လပ်စွာဆန္ဒမဲ လာရောက်ပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မျှော်လင့်ချက်များ၊ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ လေ့လာတွေ့ရှိချက်များနှင့် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာစေရန် တာဝန်ရှိသူများ၏ ဆောင်ရွက်ထားရှိမှုများကို သတင်းအဖွဲ့က ကောက်နုတ်ဖော်ပြလိုက်ရပါသည်။


ဒေါ်သန်းသန်းဌေး


ဒေါက်တာဟေမာဇော်


ဒေါ်သဲစုဖြိုးမင်းဦး


ဦးကိုကို


ဦးညီအုန်းမြင့်


ဆန္ဒမဲပေးသူတစ်ဦး

**ကိုရဲမင်းဦး (မဲဆန္ဒရှင်တစ်ဦး)**

ဆန္ဒမဲကမပေးလို့မရဘူး။ ပေးကိုပေးရမှာ။ နိုင်ငံသားတစ်ဦးအနေနဲ့ အခွင့်အရေးလည်း မဆုံးရှုံးချင်ဘူး။ ရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်လောင်းကို သေသေချာချာ စဉ်းစားပြီးမှပေးခဲ့တာပါ။ ရွေးကောက်ပွဲပြီးရင် အခြေအနေကောင်းတစ်ခု ပေါ်ထွန်းလာမှာဖြစ်တဲ့အတွက် တိုင်းပြည်အနာဂတ်ကိုကြည့်ပြီး လုပ်ဆောင်နိုင်မယ်ထင်တဲ့ပါတီကို မဲပေးခဲ့ပါတယ်။ ရွေးကောက်ပွဲပြီးတာနဲ့ အားလုံးအဆင်ပြေပြီလို့ မြင်ယောင်မိပါတယ်။

**မဲဆန္ဒရှင်တစ်ဦး၊ အလုံမြို့နယ်**

ကျွန်တော်နှစ်သက်တဲ့ပါတီရဲ့ ကိုယ်စားလှယ်ကို မဲပေးခဲ့တာပါ။ အီလက်ထရောနစ်မဲပေးစက်နဲ့ ပေးရတာကြောင့် လွယ်ကူချောမွေ့စွာ ဆန္ဒမဲပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တိုင်းပြည် ပိုကောင်းဖို့အတွက် ဆောင်ရွက်ပေးမယ့် ကိုယ်စားလှယ်ကို ရွေးချယ်တာပါ။

**ဒေါ်သန်းသန်းဌေး(မဲဆန္ဒရှင်တစ်ဦး)**

မဲပေးလိုက်တဲ့ ကိုယ်စားလှယ်လောင်းဟာ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်မယ်လို့ မျှော်လင့်ထားပြီး ကုန်ဈေးနှုန်းတည်ငြိမ်မှုနဲ့ တိုင်းပြည်အေးချမ်းသာယာအောင် ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်တဲ့အတွက် ပြည်သူအားကိုးနိုင်မယ်ထင်တဲ့ ကိုယ်စားလှယ်လောင်းကိုပဲ မဲပေးခဲ့တာပါ။ မဲပေးရတာအဆင်ပြေပြီး အေးအေးချမ်းချမ်းနဲ့ ဆန္ဒမဲပေးခွင့်ရတဲ့အတွက်လည်း ဝမ်းသာပါတယ်။ တိုင်းပြည်အေးချမ်းစေချင်ပါပြီ။ ကိုယ်စိုက်တဲ့အပင် ကောင်းမွန်စွာ ရှင်သန်လန်းဆန်းမယ်လို့ ထင်ပါတယ်။

**ဒေါက်တာဟေမာဇော်**
**(ဗိုလ်တထောင်မြို့နယ် ကျန်းမာရေးမှူး)**

ဗိုလ်တထောင်မြို့နယ်မှာ မဲရုံပေါင်း ၂၉ ရုံ ရှိပါတယ်။ ဆန္ဒမဲပေးကြတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အဖွဲ့လေးဖွဲ့ခွဲပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးပါတယ်။ မဲရုံအတွင်းကို ဝင်လာချိန်ကနေ ပြန်ထွက်သွားတဲ့အချိန်အထိ မဲပေးတဲ့ပြည်သူတွေ ကျန်းမာရေးပြဿနာ တစ်စုံတစ်ရာမရှိအောင် အရေးပေါ်စောင့်ရှောက်မှုပေးဖို့ အသင့်ထားရှိပါတယ်။ အရေးပေါ်လူနာဖြစ်ပေါ်ခဲ့ရင် ဆေးရုံကို ပို့ဆောင်နိုင်အောင် ပရဟိတလူနာတင်ယာဉ်တစ်စီးကိုလည်း အသင့်ထားရှိပါတယ်။ မဲရုံအမှတ်(၃)မှာ လာရောက်မဲပေးကြတဲ့ ပြည်သူတွေထဲမှာ သွေးပေါင်ချိန်တိုင်းတာ၊ အနည်းငယ်မူးမော်တာတော့ ရှိပါတယ်။ နံနက် ၅ နာရီခွဲကနေ ညနေမဲပေးလို့ ပြီးဆုံးတဲ့အချိန်ထိ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမှာပါ။

**ဒေါ်သဲစုဖြိုးမင်းဦး၊ မဲရုံမှူး**
**စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်**

အလုံမြို့နယ်မှာ မဲပေးခွင့်ရှိသူ ၁၄၃၅ ဦး ရှိပါတယ်။ တိုင်းရင်းသားမှာဆိုရင်လည်း ရခိုင်တိုင်းရင်းသားရေးရာကိုယ်စားလှယ်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၃ ဦး၊ ကရင်တိုင်းသားရေးရာ ကိုယ်စားလှယ်အတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၆၂ ဦးရှိပါတယ်။ မဲရုံအတွင်း မဲရုံအဖွဲ့ဝင်၊ မဲပေးတဲ့ ဆန္ဒပြုစက်၊ ထိန်းချုပ်စက်၊ မဲပေးချက်ဖော်ပြတဲ့စက်၊ မဲပုံးအရေအတွက်၊ မသန်စွမ်းသူတွေအတွက် မဲရုံပရဝဏ်အတွင်း အပြင် လုံခြုံရေးအတွက် စသဖြင့် တာဝန်ရှိသူတွေက အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးထားပါတယ်။

**ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ် )**
**ဥက္ကဋ္ဌ၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**
**(Myanmar Narrative Think Tank)**
**ပြည်တွင်းစောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့ဝင်**

ကျွန်တော်တို့ရောက်ခဲ့တဲ့နေရာတွေမှာ ဆန္ဒမဲပေးနေတဲ့သူတွေအားလုံး အေးအေးချမ်းချမ်းနဲ့ လာရောက်မဲပေးတာကို တွေ့ရတယ်။ အချိန်မြင့်လာတာနဲ့အမျှ မဲရုံကို တဖွဲဖွဲလာရောက် ဆန္ဒမဲပေးနေတာတွေ့ရတယ်။ မဲပေးတဲ့အရေအတွက်က သင့်တင့်လျောက်ပတ်တဲ့ အနေအထားတစ်ခုမှာ ရှိတယ်။ အတော်များများက မဲပေးမှုမှာ အခက်အခဲမရှိဘူး၊ မဲပေးစက်ကို ကောင်းမွန်စွာဆောင်ရွက်ထားတာတွေ့ရတယ်။ ကျွန်တော်တို့ ပြည်သူတွေအားလုံးရဲ့ တူညီတဲ့အချက်က ဒီမိုကရေစီကို မြတ်နိုးကြတယ်၊ ဒီမိုကရေစီကို သွားချင်ကြတယ်၊ ဒီမိုကရေစီစနစ်အောက်မှာ ရှင်သန်လိုကြတယ်။ စဉ်းစားရမယ့်အချက်က ဒီမိုကရေစီကိုသွားမယ်ဆိုရင် ရွေးကောက်ပွဲတွေကို မဖြတ်သန်းဘဲနဲ့ ဒီမိုကရေစီစနစ်ကိုသွားလို့ လုံးဝမရပါဘူး။

ဗိုလ်တထောင်မြို့နယ်က ပြည်သူတွေဟာ မနက်ပိုင်းမှာပဲ ၃၀ ရာခိုင်နှုန်း မဲပေးကြပြီး ညနေပိုင်းမှာ အခုထက်ပိုပြီး များလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်ရဲ့ အပြုသဘောဆောင်တဲ့ အခင်းအကျင်းကို ပြည်သူတွေရဲ့ အပြုသဘောဆောင်တဲ့ အမြင်တွေရှိနေတယ်ဆိုတာကို ပြသတာလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့ပြည်သူတွေနဲ့ပဲ တည်ဆောက်ရမှာဖြစ်တဲ့အတွက် ရွေးကောက်ပွဲပြီးသွားတဲ့အခါ လွှတ်တော်အခင်းအကျင်း၊ အစိုးရသစ်နဲ့သွားမယ်၊ နိုင်ငံရေးအခင်းအကျင်းသစ်တွေရှိလာချိန်မှာ မြန်မာနိုင်ငံရဲ့ပုံရိပ်ဟာ အခုထက်တိုးတက်ကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဟာလည်း ယခုထက်များပြားလာမယ်လို့မြင်ပါတယ်။ ဘေးကကြည့်နေသူတွေရဲ့သဘောထားတွေလည်း ပြောင်းလဲသွားပါလိမ့်မယ်။ ရွေးကောက်ပွဲအလွန်ကာလမှာ မြန်မာနိုင်ငံဟာ ပိုမိုကောင်းမွန်တဲ့ အခြေအနေတစ်ခုကို ရောက်ရှိလာမယ်လို့ မျှော်လင့်ပါတယ်။

**ဦးညီအုန်းမြင့်**
**(မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့အကြံပေး)**

ဒီမနက်ဆိုရင် မဲရုံခြောက်ရုံကို လေ့လာကြည့်ရှုရာမှာ ဆိုရှယ်မီဒီယာမှာပြောနေတဲ့ တရားမမျှတဘူးစတဲ့ အဲဒါမျိုးကို မတွေ့ရပါဘူး။ နံနက် ၁၁ နာရီခန့်မှာ ဗိုလ်တထောင်မြို့နယ်မှာ မဲပေးနိုင်တဲ့ရာခိုင်နှုန်းရဲ့ ၃၀ ရာခိုင်နှုန်းမဲပေးခဲ့တာ တွေ့ရပါတယ်။ ဒါဟာ ပြည်သူတွေက တိုင်းပြည်ကိုပြောင်းလဲချင်တယ်၊ အရှေ့တစ်ခုကိုသွားလို၊ မြင်လိုတယ်ဆိုတာ ပေါ်လွင်နေပါတယ်။ မဲပေးရာမှာလည်း ဘယ်ပါတီကို မဲပေးရမယ်ဆိုတာ သတ်မှတ်ထားတာမရှိတဲ့အတွက် မိမိဆန္ဒအလိုက် မဲပေးတာကိုလည်း တွေ့ရတာဟာ ဒီမိုကရေစီရဲ့ အရိပ်အယောင်ပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲကို နိုင်ငံတကာစောင့်ကြည့်လေ့လာရေးအဖွဲ့တွေ ကြည့်ရှုနေတာဖြစ်တဲ့အတွက် ပြည်ပနိုင်ငံအချို့ရဲ့ ရွေးကောက်ပွဲဆိုင်ရာ သတင်းအမှားတွေကို ဝေဖန်နေတာထက်စာရင် အနီးကပ်လာကြည့်စေလိုပါတယ်။

**အင်တာဗျူး - ငြိမ်းသူ၊ ကျော်ကြီး**


ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက် သာသနာ့အလင်းရောင်ဓမ္မာရုံမဲရုံ၌ ဒီဇင်ဘာ ၂၈ ရက်တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရန်လာရောက်ကြစဉ်။ မြို့နယ်(ပြန်/ဆက်)


ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပုညကုသလဓမ္မာရုံမဲရုံ၌ ဒီဇင်ဘာ ၂၈ ရက်တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရန်လာရောက်ကြစဉ်။ နေမျိုးအောင်(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှု မြင်ကွင်း



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်
ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ငွေဇင်ယော်(ထားဝယ်)



ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
စောမျိုးမင်းသိန်း(ပြန်/ဆက်)



ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို
တွေ့ရစဉ်။ တင်ထွန်း(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိမဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှု
ကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ မဲရုံများ၌
မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
မြို့နယ်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ မဲရုံများ၌
မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။
ခရိုင်(ပြန်/ဆက်)



မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူ
များ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ညောင်လေးပင်မြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ
ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ခင်မောင်လွင် (ညောင်လေးပင်)



ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ပြည်နယ်(ပြန်/ဆက်)



ပခုက္ကူမြို့နယ်အတွင်းရှိ မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲ
လာရောက်ပေးမှုကို တွေ့ရစဉ်။ ကယ်ရီမောင်

# ၂၀၂၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှု မြင်ကွင်း



ကျောက်တလုံးကြီးမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာအုပ်စု မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ပြည်နယ်(ပြန်/ဆက်)



ချောက်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



ပြည်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မောင်ရွှေဝင်း(ပြည်)



ကသာမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ကလေးမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



မြောင်းမြမြို့၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



ပူတာအိုခရိုင်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)



နောင်မွန်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



မင်းဘူး(စကု)မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မောင်မောင်(မင်းဘူး)



ကြံခင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မြို့နယ်(ပြန်/ဆက်)



တနိုင်းမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲလာရောက်ပေးမှုကို တွေ့ရစဉ်။ မနောမြေ(တနိုင်း)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို မြို့နယ်ပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပ


ပုသိမ်မြို့၌ ဆန္ဒမဲပေးကြသူများအား တွေ့ရစဉ်။


ဟားခါးမြို့၌ ဆန္ဒမဲပေးကြသူများအား တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီ မှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်ပေါင်း ၁၀၂ မြို့နယ်အတွင်း သတ်မှတ်မဲရုံများ၌ ကျင်းပလျက်ရှိသည်။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရှစ်မြို့နယ်အတွင်း ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများက ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်မဲရုံတို့တွင် လာရောက်ဆန္ဒမဲပေးလျက် ရှိကြသည့် မြင်ကွင်းကို တွေ့မြင်ရမည်ဖြစ်သည်။

အလားတူ ကချင်ပြည်နယ်တွင် ခြောက်မြို့နယ်၊ ကယားပြည်နယ်တွင် နှစ်မြို့နယ်၊ ကရင်ပြည်နယ်တွင် သုံးမြို့နယ်၊ ချင်းပြည်နယ်တွင် နှစ်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၂ မြို့နယ်၊ တနင်္သာရီတိုင်း ဒေသကြီးတွင် လေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင်ရှစ်မြို့နယ်၊မကွေးတိုင်းဒေသကြီးတွင် ကိုးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ရှစ်မြို့နယ်၊ မွန်ပြည်နယ်တွင် ငါးမြို့နယ်၊ ရခိုင်ပြည်နယ်တွင် သုံးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ၁၂ မြို့နယ်၊ ရှမ်းပြည်နယ်တွင် ၁၂ မြို့နယ်၊ ဧရာဝတီတိုင်း ဒေသကြီးတွင် ရှစ်မြို့နယ် စုစုပေါင်း ၁၀၂ မြို့နယ်၌ ကျင်းပကြပြီး အဆိုပါ


**မဲဆန္ဒရှင်တစ်ဦး**
**မှော်ဘီမြို့နယ်**

မြို့နယ်များရှိ သတ်မှတ်မဲရုံများ၌ ဒေသခံ တိုင်းရင်းသားပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine – MEVM) အသုံးပြု၍ ဆန္ဒမဲပေးခြင်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲပေးခြင်းများကို သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများက စနစ်တကျဖြင့် ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့် အပြင် အဆိုပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သား အရာရှိ စစ်သည်၊ မိသားစုများကလည်း သက်ဆိုင်ရာ မဲရုံများသို့ သွားရောက်၍ စနစ်တကျ ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ဆန္ဒမဲလာရောက်ပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာနှင့်အဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး အတွက် လိုအပ်သည့်ယာဉ်များ၊ ကျန်းမာရေး ကဏ္ဍအတွက် ဆေးအဖွဲ့များနှင့် လုံခြုံရေးပိုင်း


**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

ဆိုင်ရာများကို မဲရုံများ၌ ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ မဲရုံများတွင်လည်း နံနက် ၆ နာရီမှ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ရုံး/ဌာနများအသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ကြသည်။

မဲပေးမှုပြီးဆုံးချိန်တွင် မဲရုံမှူးများနှင့် အဖွဲ့ဝင်များသည် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ မဲပေးစက် (Control Unit) မှ ရလဒ်များကိုထုတ်ယူကာ စနစ်တကျရေတွက်ခြင်းနှင့် ကြိုတင်မဲများကို စနစ်တကျရေတွက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပမှုနဲ့ပတ်သက်၍ မဲရုံအသီးသီးတွင် လာရောက်မဲပေးကြသည့် မဲဆန္ဒရှင်ပြည်သူများ၏


**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

ရင်တွင်း စကားသံများကိုလည်း အခုလို ကြားသိရပါတယ် –

**မဲဆန္ဒရှင်တစ်ဦး**
**မှော်ဘီမြို့နယ်**

ကျွန်မတို့နိုင်ငံ ဒီထက်ပိုမိုကောင်းမွန်လာမယ်လို့ မျှော်လင့်ပါတယ်။ အခုလိုမျိုး လာရောက်ပြီးတော့ မဲပေးရတဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အခုလိုပေးချင်လို့လည်း အချိန်ပေးပြီးတော့ လာရောက်မဲပေးတာ ဖြစ်ပါတယ်။ ဒီမိုကရေစီလမ်းကြောင်းပေါ် ကျွန်မတို့ လျှောက်လှမ်းနေတဲ့အပေါ်မှာလည်း ကောင်းမွန်တဲ့ လမ်းကြောင်းတစ်ခုလို့ မြင်ပါတယ်။ ဒီ MEVM မဲပေးစက်နဲ့ မဲပေးရတဲ့အတွက် အချိန်ကုန်သက်သာတယ်။ မြန်မြန်ဆန်ဆန်ဖြစ်တယ်။ စာရေးဖို့အဆင်မပြေတဲ့ သူတွေအတွက်လည်း အဆင်ပြေပါတယ်။ ပြီးတော့ ရလဒ်လည်း မြန်မြန်ဆန်ဆန်နဲ့ တိတိကျကျ ထွက်တာပေါ့။

**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

မဲလာပေးရတာ အဆင်ပြေမှုရှိပါတယ်။ အရင်တုန်းကတော့ စာရွက်ပေါ်မှာ အမှန်ခြစ် ခြစ်တဲ့


**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

အတွက် တချို့အမှန်ခြစ်ကို မခြစ်တတ်တဲ့သူတွေရှိတော့ ပယ်မဲတွေလည်း များပါတယ်။ အခုကျတော့ ကိုယ်ကြိုက်တဲ့ပါတီကို စက်ခလုတ်နှိပ်ရတဲ့အတွက် အဆင်ပြေမှုအများကြီးရှိပါတယ်။

**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

အခုလိုမျိုး လွတ်လွတ်လပ်လပ်နဲ့ မဲပေးရတဲ့အတွက် ဝမ်းသာပါတယ်။ ပြီးတော့ ပြည်သူလူထုက ဝိုင်းပြီး တင်မြှောက်တဲ့အစိုးရတစ်ရပ် ပေါ်လာမယ်ဆိုတော့ ဝမ်းသာပါတယ်။

**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

ကျွန်မတို့က အခုမှစပြီးတော့ မဲပေးရတဲ့အတွက် နည်းနည်းတော့ စိတ်လှုပ်ရှားမှုတော့ ဖြစ်မိပါတယ်။ ဒါပေမဲ့ လုံလုံခြုံခြုံနဲ့ ကိုယ်ကြိုက်တဲ့ ကိုယ်စားလှယ်လောင်းကို မဲပေးရတဲ့အတွက်တော့ စိတ်ထဲမှာ ကျေနပ်အားရဝမ်းသာပီတိ ဖြစ်မိပါတယ်။

မဲပေးရတာ အရင်ကထက်စာရင် ပိုပြီးတော့အဆင်ပြေပါတယ်။ ပြီးတော့ အလွန်လည်း လွယ်လွယ်ကူကူ လျင်လျင်မြန်မြန်


**မဲဆန္ဒရှင်တစ်ဦး**
**တောင်ကြီးမြို့နယ်**

မဲပေးလို့ရတဲ့အတွက် အကြာကြီး တန်းစီစရာလည်း မလိုတော့ဘူး။ အခက်အခဲ မရှိပါဘူး။ ယုံကြည်မှုကတော့ရှိပါတယ်။ အရင်ကထက် ပိုပြီးတော့ လုံခြုံမှုလည်းရှိတယ်။ နိုင်ငံသား တစ်ယောက်အနေနဲ့ ဒီလိုမဲပေးခွင့် ရတဲ့အတွက်လည်း အလွန်ပျော်ပါတယ်။

ယနေ့တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ၏ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုများကို ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများနှင့် ရွေးကောက်ပွဲ လာရောက်စောင့်ကြည့်လေ့လာကြသည့် နိုင်ငံတကာရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများကလည်း မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးနေမှုများကို လာရောက်လေ့လာစောင့်ကြည့်၍သတင်းရယူလျက်ရှိသည်။

**သတင်းစဉ်**


နောင်ချိုမြို့၌ ဆန္ဒမဲပေးကြသူများအား တွေ့ရစဉ်။


မြိတ်မြို့၌ ဆန္ဒမဲပေးကြသူများအား တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဆန္ဒမဲရေတွက်မှုနှင့် ဆန္ဒမဲပေးနေမှု မြင်ကွင်း











စဥ့်ဟာယ်ရပ်ကွက်(ရွှေညောင်မြို့) မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးကြသည့် လူငယ်များကို တွေ့ရစဉ်။ (အပေါ်ပုံနှင့် အောက်ပုံ)






ကျောက်ဖြူမြို့နယ်၌ ပြည်သူများ ဆန္ဒမဲပေးကြစဉ်။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့မဲရုံများ၌ ပြည်သူများ အေးချမ်းစွာဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး



**တောင်ကြီး ဒီဇင်ဘာ ၂၈**

တောင်ကြီးမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့ နံနက် ၆ နာရီတွင် စတင်ကျင်းပပြီး တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမရှိ မဲရုံအမှတ်(၂)၌ မဲရုံးမှူးက မဲရုံစတင်ဖွင့်လှစ်ကြောင်း ကြေညာရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ဇနီးတို့သည် မဲဆန္ဒရှင်ပြည်သူများနှင့် အတူ နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် မဲစာရင်းလက်မှတ်များ ပြသ၍ မိမိကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးကြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ သစ်တောရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ မင်္ဂလာဦးရပ်ကွက် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ စဝ်စံထွန်းရပ်ကွက် ဆေးရုံဝင်းရှိ မဲရုံအမှတ်(၄)၊ ညောင်ဖြူစခန်းရပ်ကွက် အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်းရှိမဲရုံအမှတ်(၁)၊ အမှတ်(၂) နှင့် အမှတ်(၃)၊ စိန်ပန်းရပ်ကွက် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ ကျောင်းကြီးစုရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)တို့တွင် သွားရောက်၍ ဒေသခံ မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများအား အေးချမ်းလွတ်လပ်စွာ ရွေးချယ်ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့အတူ ရှမ်းပြည်နယ်အတွင်း ရွေးကောက်ပွဲ အပိုင်း(၁)တွင်ပါဝင်သည့် ဟိုပုံးမြို့နယ်၊ လွိုင်လင်မြို့နယ်၊ လင်းခေးမြို့နယ်၊ ပင်းတယမြို့နယ်၊ နမ့်စန်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်၊နောင်ချိုမြို့နယ်၊ လားရှိုးမြို့နယ်နှင့် မူဆယ်မြို့နယ်များတွင်လည်း မဲဆန္ဒရှင်ပြည်သူများ အနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုများရှိ မဲရုံများတွင် အေးချမ်းလွတ်လပ်စွာ၊ မဲရုံစည်းမျဉ်းစည်းကမ်းများနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အတူ မဲစာရင်းလက်မှတ်များ ကိုင်ဆောင်တန်းစီ၍ ဆန္ဒမဲပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း စစ်တွေမြို့နယ်မဲရုံများ၌ မဲဆန္ဒရှင်ပြည်သူများ လာရောက်မဲပေးနေမှုကြည့်ရှု

**စစ်တွေ ဒီဇင်ဘာ ၂၈**

စစ်တွေမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီတွင် စတင်ကျင်းပလျက်ရှိရာ မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာလာရောက်မဲပေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး တာဝန်ရှိသူများသည် စစ်တွေမြို့နယ် အနောက်စံပြရပ်ကွက် မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးရန်လာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အဆိုပါ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ပါဝင်ဆန္ဒမဲပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးများသည် ရခိုင်ပြည်နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကြသည်။



ရခိုင်ပြည်နယ်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို စစ်တွေမြို့နယ်၊ ကျောက်ဖြူမြို့နယ်နှင့် မာန်အောင်မြို့နယ်တို့တွင် ကျင်းပလျက်ရှိရာ မဲဆန္ဒရှင်များက မဲရုံပေါင်း ၁၆၄ ရုံတွင် အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး၊ မဲပေးခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိရေး၊ မဲမသမာမှုဖြစ်စဉ်များမဖြစ်စေရေး၊ မဲပေးသူများ လုံခြုံအေးချမ်းစွာ မဲပေးနိုင်ရေး အထူးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့က မဲဆန္ဒရှင်ပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် ကြို/ပို့ဆောင်ရွက်ပေးကာ သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မွန်ပြည်နယ်ဝန်ကြီးချုပ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဆန္ဒမဲပေး၍ ချောင်းဆုံမြို့နယ်အတွင်းရှိမဲရုံများ လှည့်လည်ကြည့်ရှု

**ချောင်းဆုံ ဒီဇင်ဘာ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအတွက် ယနေ့ နံနက်ပိုင်းမှစ၍ မဲရုံများတွင် မဲဆန္ဒရှင်များ လွတ်လပ်၍ အေးချမ်းစွာ ဆန္ဒမဲပေးလျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကွမ်ရိုက်ကျေးရွာ ပတ္တမြားရတုခန်းမရှိ မဲရုံအမှတ်(၁)၌ ဆန္ဒမဲပေးပြီး မဲရုံအလိုက် ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် မြို့နယ်အတွင်းရှိကညော်ကျေးရွာ မဲရုံအမှတ်(၂)၊ မုဒွန်းကျေးရွာ မဲရုံအမှတ်(၂)၊ တောင်စွန်းကျေးရွာ မဲရုံအမှတ်(၂)၊ ကလွီကျေးရွာ မဲရုံအမှတ်(၂)၊ ဒရယ်ကျေးရွာ မဲရုံအမှတ်(၂)၊ ကမာမိုကျေးရွာ မဲရုံအမှတ်(၁)၊ ကွမ်ရိုက်ကျေးရွာ မဲရုံအမှတ်(၁)၊ အမှတ်(၂)၊ ကဒါကျေးရွာ မဲရုံအမှတ်(၁)၊ ရွာလွတ်ကျေးရွာ မဲရုံအမှတ်(၁)၊ အမှတ်(၃)၊ ကမနင်းကျေးရွာ မဲရုံအမှတ်(၁) နှင့် ကရင်ဝင်းစိန်ကျေးရွာ မဲရုံအမှတ်(၁)တို့တွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ ဆန္ဒမဲပေးနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ချောင်းဆုံမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင်အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူ စုစုပေါင်း ၁၁၇၀၃၁ ဦးရှိပြီး မဲရုံပေါင်း ၇၃ ရုံရှိရာ သက်ဆိုင်ရာမဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်အေးချမ်းစွာ မဲပေးလျက်ရှိကြောင်း သိရသည်။ **ချောင်းဆုံ(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မိသားစုဝင်များ ပါဝင်ဆန္ဒမဲပေး

**ထားဝယ် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် မိသားစုဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ဆန်းချီရပ်ကွက် အခြေခံပညာမူလတန်းကျောင်း မဲရုံအမှတ်(၁)၌ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်လောင်းများကို လျှို့ဝှက်ဆန္ဒပြုခန်းများတွင် လွတ်လပ်စွာဆန္ဒမဲပေး ရွေးချယ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒေသခံပြည်သူများ ဆန္ဒမဲပေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားမှုများကိုကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များတွင် ရပ်ကွက်ကျေးရွာအုပ်စု ၉၉ အုပ်စု၌ မဲရုံပေါင်း ၂၂၅ ရုံ ဖွင့်လှစ်ထားရှိပြီး မဲဆန္ဒရှင်ဦးရေ ၄၀၄၆၉၀ ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မုံရွာမြို့ပေါ်ရှိ သတ်မှတ်မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာ ဆန္ဒမဲပေးနေမှု လိုက်လံကြည့်ရှု



မုံရွာ ဒီဇင်ဘာ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ)သို့ ရောက်ရှိကာ သတ်မှတ်မဲရုံများ၌ နန္ဒဝန်ရပ်ကွက်ရှိ မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုများနှင့် မဲဆန္ဒရှင်ပြည်သူများအား သောက်သုံးရေများနှင့် အချိုရည်များ ဝေငှပေးနေမှုကို ကြည့်ရှုအားပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် မုံရွာမြို့ ပြည်သူ့ကစားကွင်း မိုးလုံလေလုံအားကစားခန်းမရှိ မဲရုံများတွင် ရုံးကြီးရပ်ကွက်ရှိမဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကွေ့ကြီးရပ်ကွက် အမှတ်(၂၅) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ အောင်ချမ်းသာရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းတို့ရှိ သတ်မှတ်မဲရုံများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှုကို လိုက်လံကြည့်ရှုပြီး မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများသည် မုံရွာမြို့ ပြည်ထောင်စုလမ်း ရထားသံလမ်းတစ်လျှောက် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများအားတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသူများအား နံနက်စာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပပြုလုပ်လျက်ရှိသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလှုပ်ရှားမှု အထိမ်းအမှတ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၂) အသင်းက လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန (၁)အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ပေါ်ရပ်ကွက်များ၌ ပြည်သူများ ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

လွိုင်ကော် ဒီဇင်ဘာ ၂၈

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ယနေ့နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပပြုလုပ်လျက်ရှိပြီး ကယားပြည်နယ် အတွင်း ရွေးကောက်ပွဲ အပိုင်း(၁) အနေဖြင့် လွိုင်ကော်မြို့နယ်နှင့် ဘောလခဲမြို့နယ်တို့၌ ကျင်းပရာ မဲဆန္ဒရှင် ပြည်သူအားလုံးက သက်ဆိုင်ရာမဲရုံများ၌ လာရောက်၍ ဆန္ဒမဲပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် တာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ပေါ်ရပ်ကွက်များရှိ မဲရုံများတွင် ပြည်သူများ လာရောက်ဆန္ဒမဲပေးနေမှု အခြေအနေများ၊ မဲရုံနှင့် ဝေးကွာသည့်နေရာများမှ မဲဆန္ဒရှင်ပြည်သူများအား သက်ဆိုင်ရာမဲရုံများသို့ သွားရောက်ဆန္ဒမဲပေးနိုင်ရန်အတွက် မော်တော်ယာဉ်များဖြင့် ကြို/ပို့ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထေးသမရပ်ကွက် မဲရုံအမှတ်(၁)နှင့် အမှတ်(၂) မဲရုံတို့တွင် မဲဆန္ဒရှင်ပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဆန္ဒမဲပေးနေမှု၊ မဲပေးရန် စောင့်ဆိုင်းနေမှုနှင့် မဲရုံနှင့် အဝေးတွင်နေထိုင်သည့်နေရာများမှ မဲဆန္ဒရှင်ပြည်သူများလာရောက်မဲပေးနိုင်ရေး မော်တော်ယာဉ်များဖြင့် ကြို/ပို့ ဆောင်ရွက်ပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လုံခြုံရေးတာဝန်ရှိသူများက ပြည်သူများ ဘေးကင်းလုံခြုံစွာ မဲပေးနိုင်ရေး လုံခြုံရေး စနစ်တကျ ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် လောခမ္မရပ်ကွက် မဲရုံအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)မဲရုံတို့တွင် ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆန္ဒမဲပေးနေမှု အခြေအနေ၊ နမ့်ဘော်ဝမ် (က)ရပ်ကွက်မဲရုံ၊ နမ့်ဘော်ဝမ် (ခ)ရပ်ကွက်မဲရုံ၊ အောင်သီဟရပ်ကွက် မဲရုံနှင့် နာနတ်တော ရပ်ကွက်မဲရုံတို့တွင် ပြည်သူများ ဆန္ဒမဲပေးနေမှုနှင့် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေမှု အခြေအနေများကိုကြည့်ရှုအားပေးပြီး မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဒေါဥခူရပ်ကွက် မဲရုံအမှတ်(၁)၊ အမှတ်(၂)၊ နမ့်ဘော်ဝမ်(က) ရပ်ကွက်မဲရုံအမှတ်(၁)၊ မထောခူ ရပ်ကွက် မဲရုံအမှတ်(၁)၊ ဒေါတမ ရပ်ကွက် မဲရုံအမှတ်(၂)၊ ပန်ကန်း ကျေးရွာအုပ်စု မဲရုံအမှတ်(၁)တို့သို့ သွားရောက်ကာ မဲဆန္ဒရှင်ပြည်သူများ လာရောက်ဆန္ဒမဲပေးနေမှု၊ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေမှု အခြေအနေများနှင့် မဲရုံများတွင် ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေကြသည့် ပြည်သူများအတွက် သောက်ရေသန့်၊ အချိုရည်နှင့် မုန့်များ ပေးဝေလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးပြီး မဲဆန္ဒရှင်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စကားများ ပြောကြားသည်။

ကယားပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် လွိုင်ကော်မြို့နယ်၌ မဲရုံ ၈၂ ရုံ၊ ဘောလခဲမြို့နယ်၌ မဲရုံခြောက်ရုံဖြင့် ကျင်းပပြုလုပ်ရာ မဲဆန္ဒရှင်ပြည်သူများက စိတ်အားထက်သန်စွာဖြင့် တစ်ခဲနက် လာရောက်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်သိန်း မုံရွာမြို့ရှိ မဲရုံများ၌ မဲဆန္ဒရှင်ဒေသခံပြည်သူများ ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

မုံရွာ ဒီဇင်ဘာ ၂၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်သိန်းသည် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ရှိ မဲရုံများ၌ မဲဆန္ဒရှင်ဒေသခံပြည်သူများ ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်သည် မုံရွာတက္ကသိုလ်အတွင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ အားကစားနှင့် ကာယပညာသိပ္ပံ( မုံရွာ)ရှိ မဲရုံသုံးရုံနှင့် ကွေ့ကြီးရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အတွင်းရှိ မဲရုံနှစ်ရုံ၊ ဒေါနခြံရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ မဲရုံတစ်ရုံ၊ ဆူးလေကုန်ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းအတွင်းရှိ မဲရုံတစ်ရုံတို့တွင် မဲဆန္ဒရှင်ဒေသခံပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများအား မဲရုံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီး မြို့နယ်များရှိ မဲရုံအသီးသီးတွင် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့နံနက် ၆ နာရီတွင် ရွေးကောက်ပွဲကျင်းပရန် ကြေညာထားသည့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ သတ်မှတ်မဲရုံများ၌ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မိသားစုဝင်များသည် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ မဲရုံအမှတ်(၈)၌ မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများကို မဲရုံစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးရွေးချယ်ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ကမာရွတ်မြို့နယ်အတွင်း အမှတ်(၈)ရပ်ကွက် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၃)နှင့် အမှတ်(၄)၊ အမှတ်(၇)ရပ်ကွက် ရွှေကိန္နရီအိမ်ရာရှိ မဲရုံအမှတ်(၂)၊ အမှတ်(၇)ရပ်ကွက် အမှတ်(၁၄)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၃)၊ မရမ်းကုန်းမြို့နယ် အမှတ်(၆)ရပ်ကွက် အမှတ်(၂၁)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ အမှတ်(၇)ရပ်ကွက် ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမရှိ မဲရုံအမှတ်(၄)နှင့် အမှတ်(၅)၊ သင်္ဃန်းကျွန်းမြို့နယ် အမှတ်(၂၅)ရပ်ကွက် အထက(သုဝဏ္ဏ)ရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ (င/က)ရပ်ကွက် လေ့ကျင့်ရေးအထက်တန်းကျောင်းရှိ မဲရုံ(၂)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၂၅)ရပ်ကွက် ပုညကုသလဓမ္မာရုံရှိ မဲရုံအမှတ်(၁)၊ အမှတ်(၂၅)ရပ်ကွက် အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄)၊ အမှတ်(၂၁)ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)နှင့် အမှတ်(၃)၊ သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၅)နှင့် အမှတ်(၆)၊ ညောင်သုံးပင်ကျေးရွာအုပ်စု University of Co-operative and Management၊ ဥတ္တရပရဝဏ်ရှိ မဲရုံအမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)၊ ဗိုလ်တထောင်မြို့နယ် အမှတ်(၄)ရပ်ကွက် အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်ရှိ မဲရုံအမှတ်(၂)၊ ကျောက်တံတားမြို့နယ် အမှတ်(၁)ရပ်ကွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းရှိ မဲရုံအမှတ်(၁)တို့တွင် မဲဆန္ဒရှင်ပြည်သူများက မိမိတို့ကြိုက်နှစ်သက်ရာ ကိုယ်စားလှယ်လောင်းများအား မဲရုံစည်းမျဉ်း စည်းကမ်းများနှင့်အညီ လွတ်လပ်စွာ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့ပေါ်ရှိ မဲရုံများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှု

**ပုသိမ် ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ အပိုင်း(၁)အနေဖြင့် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ပုသိမ်မြို့ပေါ်ရှိ မဲရုံများတွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပုသိမ်မြို့ပေါ်ရှိ အမှတ်(၁၅)ရပ်ကွက် မဲရုံအမှတ်(၁)သို့ လည်းကောင်း၊ အမှတ်(၃)ရပ်ကွက် မဲရုံအမှတ်(၇)သို့လည်းကောင်း၊ အမှတ်(၄)ရပ်ကွက် မဲရုံအမှတ်(၃)သို့လည်းကောင်း၊ အမှတ်(၆)ရပ်ကွက် မဲရုံအမှတ်(၂)သို့လည်းကောင်း၊ အမှတ်(၁)ရပ်ကွက် မဲရုံအမှတ်(၃)သို့လည်းကောင်းသွားရောက်၍ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။



အလားတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် မဲရုံအမှတ်(၂)သို့လည်းကောင်း၊ တောချောင်းကျေးရွာ မဲရုံအမှတ်(၃)သို့လည်းကောင်း၊ ညောင်ပင်ကွင်းကျေးရွာ မဲရုံအမှတ်(၂)သို့ လည်းကောင်း သွားရောက်၍ ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး မြို့နယ်ရှစ်မြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲပေး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့ လိုက်လံကြည့်ရှု

**မန္တလေး ဒီဇင်ဘာ ၂၈**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)ကို ယနေ့တွင် တစ်နိုင်ငံလုံးရှိ ရွေးကောက်ပွဲကျင်းပရန် သတ်မှတ်ထားသည့် နယ်မြေများ၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သတ်မှတ်မဲရုံများ၌ စိတ်အေးချမ်းလွတ်လပ်စွာဖြင့် ဆန္ဒမဲ ပေးကြသည်။



**လိုက်လံကြည့်ရှု**

မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့သည် ယနေ့နံနက်ပိုင်းက သတ်မှတ်မဲရုံများတွင် မဲဆန္ဒရှင်ပြည်သူများနှင့်အတူ ဆန္ဒမဲများ ပေးခဲ့ကြသည်။

မန္တလေး တိုင်းဒေသကြီး အတွင်းရှိ သက်ဆိုင်ရာမြို့နယ် ရပ်ကွက်များ၌ မဲရုံများကို နံနက် ၆ နာရီမှစတင်၍ စနစ်တကျ ဖွင့်လှစ်ပေးပြီး မဲဆန္ဒရှင်ပြည်သူများကလည်း စိတ်အားထက်သန်စွာဖြင့် မဲရုံ၏စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာကာ ဆန္ဒမဲများ ပေးခဲ့ကြပြီး မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းစွာ မဲပေးနေမှုများ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် တာဝန်ရှိသူများက လိုအပ်သည်များအား ကူညီဆောင်ရွက်ပေးနေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့က ဆန္ဒမဲများပေးပြီးနောက် လိုက်လံကြည့်ရှုခဲ့ကြသည်။

**စနစ်တကျဖွင့်လှစ်**

ယနေ့တွင် ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း (၁)တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်မြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ရမည်းသင်းမြို့နယ်၊ အောင်မြေသာစံမြို့နယ် စုစုပေါင်းရှစ်မြို့နယ်တို့ပါဝင်ပြီး မဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပေါင်း ၁၃၅၃၄၉၂ ဦးအတွက် မဲရုံပေါင်း ၁၂၄၂ ရုံကို စနစ်တကျ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြဝတီမြို့၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ အေးချမ်းစွာ လာရောက် ဆန္ဒမဲပေး

**မြဝတီ ဒီဇင်ဘာ ၂၈**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ရှိ သတ်မှတ်မဲရုံများ၌ ယနေ့နံနက် ၆ နာရီမှစတင်၍ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာ လာရောက်ဆန္ဒမဲပေးကြသည်။

ထိုသို့ဆန္ဒမဲပေးကြရာတွင် မြဝတီမြို့ပေါ်ခုနစ်ရပ်ကွက်နှင့် ကျေးရွာလေးရွာတို့ရှိ မဲရုံ ၄၂ ရုံတို့၌ မဲဆန္ဒရှင်ပြည်သူများ၏ နိုင်ငံသားတစ်ဦး တာဝန်ကျေပွန်စွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံအတွင်း တာဝန်ထမ်းဆောင်ကြသည့် မဲရုံမှူး၊ ဒုမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ အတွင်းစည်း၊ အပြင်စည်းလုံခြုံရေးအဖွဲ့များဖြင့် အုပ်ချုပ်/ ထောက်ပံ့မှုကိစ္စရပ်များကို ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲ အရာရှိနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဌာနဆိုင်ရာ တာဝန်ရှိသူများက စနစ်တကျရှိစေရေးဆောင်ရွက်ခဲ့ကြသည်။

မြဝတီမြို့ မြို့ပေါ်ခုနစ်ရပ်ကွက်၊ ကျေးရွာလေးရွာတွင် မဲဆန္ဒရှင်ပြည်သူ ၆၀၀၃၉ ဦးရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**ဆောင်းနှင်းဖြူ(ပြန်/ဆက်)**



# စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို

**နေပြည်တော် ဒီဇင်ဘာ ၂၈**

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ စဥ့်ကူးမြို့နယ်များ အတွင်းဝင်ရောက်ကာ ပြည်သူပိုင်ပစ္စည်းများအား အတင်းအဓမ္မယူဆောင်ခြင်း၊ နိုင်ငံ့အကျိုးပြုစက်ရုံ၊ အလုပ်ရုံများကို ဝင်ရောက် မီးရှို့ဖျက်ဆီးခြင်း၊ နိုင်ငံပိုင် မြေပေါ်၊ မြေအောက် သယံဇာတများ အဓမ္မနည်းဖြင့် ထုတ်ယူပြီး ကိုယ်ကျိုးသုံးစွဲခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက အဆိုပါဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး အကြမ်းဖက်



စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

ချေမှုန်းမှုစစ်ဆင်ရေး (Counter–Terrorism Operation) ကို ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် စဥ့်ကူးမြို့အား ဒီဇင်ဘာ ၁၉ ရက်တွင် အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါစဥ့်ကူးမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်မှုမရှိစေရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ယနေ့တွင် စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံ တိုင်းရင်းသားပြည်သူများက အောင်သပြေပန်းများ၊ ပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆိုကြသည်။

အဆိုပါဒေသအတွင်း အကြမ်းဖက်အဖွဲ့များ၏ လုပ်ရပ်များကြောင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထုအပေါ် အကြောင်းမဲ့ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ညှဥ်းပန်းနှိပ်စက် အနိုင်ကျင့်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ မြို့ရွာများကိုဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် အဆိုပါ အကြမ်းဖက်သမားများကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်အတွက် နယ်မြေတည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးရရှိအောင် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များကို ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**





စဥ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

## တိုင်းပြည်အနာဂတ်လမ်းဖြောင့်ဖြူးစေမည့် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁) ကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာနယ်မြေများအလိုက် ကျင်းပခဲ့ပြီး နိုင်ငံသားတစ်ဦးတာဝန်ကို ကျေပွန်ခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်–

ကျွန်မက ပထမဆုံးမဲပေးတာဆိုတော့ စိတ်လှုပ်ရှားမိပါတယ်။ အလွန်ကျေနပ်ပါတယ်။ နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်သွားပြီလို့လည်း ခံစားမိပါတယ်။ ကျွန်မတို့လူငယ်တွေအတွက် အကျိုးပြုမယ့်ခေါင်းဆောင်ကောင်းကိုလည်း အများကြီးမျှော်လင့်ထားပါတယ်။ ဘယ်သူပဲရရပေါ့။ နိုင်ငံအတွက်ကိုလည်း အများကြီးအကျိုးပြုမယ့်လူကို မျှော်လင့်မိပါတယ်။

ကျွန်မက ပျဉ်းမနားမြို့က လာပြီးမဲပေးတာပါ။ ပထမဆုံးမဲပေးခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်မလိုပဲ မဲပေးပိုင်ခွင့်ရှိတဲ့လူငယ်တွေအားလုံး မဲလာပေးပါလို့ နှိုးဆော်အပ်ပါတယ်။

MEVM စက်နဲ့ပေးတဲ့အတွက်ကြောင့် ပိုပြီးတိကျတယ်။ ကိုယ်ပေးချင်တဲ့ပါတီကို တစ်ခါတည်းနှိပ်လိုက်တာနဲ့ လွယ်လွယ်ကူကူတိကျတဲ့အဖြေရပါတယ်။ အဲဒါကြောင့် လွယ်ကူတယ်လို့ ပြောတာပါ။









ကျွန်မက ဗမာဆိုတော့ သုံးမျိုးပဲပေးခဲ့ရပါတယ်။ ကျွန်မတို့တိုင်းပြည်အတွက်၊ နိုင်ငံအတွက် အကောင်းဆုံးပေးဆပ်မယ့် လွှတ်တော်ကိုယ်စားလှယ်တွေအားလုံးကို မဲပေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့တာဝန်ကျေတယ်လို့ ခံစားရပါတယ်။

ကျွန်တော်က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာမဲပေးတာ ပထမဆုံးအကြိမ်ပါ။ ဒီလိုမျိုး Privacy တွေလည်းရှိတော့ မဲပေးရတာအဆင်ပြေပါတယ်။ ကိုယ်ရွေးချယ်ချင်တဲ့လူကို မဲပေးခဲ့ရလို့ ပျော်ပါတယ်။ ကျွန်တော်တို့မဲပေးပြီး ထွက်ပေါ်လာမယ့်အစိုးရက ကျွန်တော်တို့ ပြည်သူပြည်သားတွေအတွက်ရော၊ လူငယ်တွေအတွက်ရော ပိုမိုကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်ပေးမယ်လို့ ယုံကြည်ပါတယ်ခင်ဗျ။

■

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဒီဇင်ဘာ ၂၈

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများ အပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး(KK Park) အပိုင်း(၃)နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံ သုံးလုံး၊ နှစ်ထပ်အဆောက်အအုံ နှစ်လုံးနှင့် ဂိုဒေါင် တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခြောက်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၁၅ လုံး ကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အား ဖောက်ခွဲဖျက်ဆီးမှု။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင်အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း အဆောက်အအုံ ၆၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် KK park နယ်မြေနှင့်ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။



KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။





ဒီဇင်ဘာ ၂၈ ရက်က ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရပ်ကွက်ကြီး (၁၁) မဲရုံ (၂)တွင် ပြင်ဦးလွင်မြို့ပရဟိတမျက်မမြင်ပညာသင်ကျောင်းရှိအမြင်အာရုံမသန်စွမ်းသူများနှင့် မသန်စွမ်းသူများ ဆန္ဒမဲပေးကြစဉ်။

သတင်းစဉ်

**ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ(စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၈

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်း တစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူ စုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပလျက်ရှိသည်။



၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ လည်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်နှင့် ယနေ့တို့တွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်း တန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေး နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီး၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌ လည်းကောင်း ကျင်းပကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဂါဇာဒေသတွင် မိခင်များ အာဟာရချို့တဲ့ခြင်းနှင့် ဆေးဝါးကုသရေးလုပ်ငန်းများရပ်ဆိုင်းခြင်းကြောင့် လစဉ်ကလေးမွေးဖွားနှုန်း ကျဆင်း

**ဂါဇာ ဒီဇင်ဘာ ၂၈**

ဂါဇာဒေသတွင် လစဉ်ကလေးမွေးဖွားနှုန်း ၄၀ ရာခိုင်နှုန်းခန့်ကျဆင်းနေပြီး ယင်းကဲ့သို့ ကျဆင်းရခြင်းမှာ မိခင်များ အာဟာရချို့တဲ့ခြင်းနှင့် ဆေးဝါးကုသရေး လုပ်ငန်းများရပ်ဆိုင်းခြင်းကြောင့် ဖြစ်ကြောင်း တာဝန်ရှိသူများက သတိပေးပြောကြားသည်။

အစ္စရေးကတိုက်ခိုက်နေခြင်းကြောင့် ယခုကဲ့သို့ ဖြစ်ပွားရခြင်းဖြစ်သည်ဟု တာဝန်ရှိသူများကပြောသည်။

လစဉ် ကလေးမွေးဖွားနှုန်းသည် ၁၇၀၀၀ သာရှိပြီး အဆိုပါပမာဏသည် ယမန်နှစ်ကအရေအတွက် ၂၆၀၀၀ ထက် လျော့နည်းလာခဲ့ကြောင်း ဂါဇာဒေသ ကျန်းမာရေးတာဝန်ရှိသူ မူနီအယ်လ်ဗတ်က ပြောသည်။ မိခင်များတွင် အာဟာရချို့တဲ့ခြင်းဖြစ်ပွားရာမှ မွေးကင်းစကလေး ကိုယ်အလေးချိန်လျော့ကျခြင်းနှင့်သေဆုံးခြင်းတို့ဖြစ်လာရပြီး ကလေးမွေးဖွားနှုန်းကို ကျဆင်းစေခဲ့ကြောင်း ၎င်းက ပြောသည်။ အစ္စရေးအနေဖြင့် ကလေးများအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများကို ဂါဇာဒေသသို့ တင်သွင်းခွင့် ကန့်သတ်ခြင်းနှင့် ဆေးဝါးပစ္စည်းများကို ဝင်ရောက်ခွင့်ကန့်သတ်ခြင်းကြောင့် အခက်အခဲများ ပိုမိုများပြားလာကြောင်း ၎င်းကပြောကြားသည်။ အစ္စရေးက ဂါဇာဒေသတွင်ဆောင်ရွက်နေသည့် စစ်ဆင်ရေးများကြောင့် ဆေးကုသရေးအခြေခံအဆောက်အအုံများကို ထိခိုက်စေကြောင်း ၎င်းက ပြောသည်။ ယခုနှစ်အောက်တိုဘာ ၁၀ ရက်တွင်ရရှိခဲ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရရှိပြီးနောက် အစ္စရေးသည် ၎င်းသဘောတူညီချက်ကို ချိုးဖောက်မှု ၉၆၉ ကြိမ် ကျူးလွန်ခဲ့ကြောင်း ဟားမတ်စ်အဖွဲ့ မီဒီယာရုံးကပြောသည်။ တစ်နေ့လျှင် ဒေသတွင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ် ၁၉၇၆၄ စီးကိုသာ ဝင်ရောက်ခွင့်ပြုခဲ့ပြီး ၎င်းအရေအတွက်သည် မူလသဘောတူညီချက်အရ ဝင်ရောက်ခွင့်ပြုမည့်အရေအတွက်ထက် နည်းကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**





## ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက အမေရိကန်သမ္မတနှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိ

**ကာရာကတ် ဒီဇင်ဘာ ၂၈**

ဗင်နီဇွဲလားသမ္မတ နီကိုးလပ်စ်မာဒူရိုက အမေရိကန်နိုင်ငံအနေဖြင့် ဗင်နီဇွဲလားနိုင်ငံအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမရှိပါက အပြန်အလှန်လေးစားမှုကို အခြေခံ၍ အမေရိကန်သမ္မတထရမ့်နှင့် တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိကြောင်း ယမန်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်နှင့် အပြန်အလှန်တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိပြီး ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှုနှင့် သာယာဝပြောရေး လမ်းကြောင်းကို ရှာဖွေရန် ဆန္ဒရှိကြောင်း သမ္မတ မာဒူရိုက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ ဗင်နီဇွဲလားနိုင်ငံအတွင်း၌ မတည်မငြိမ်ဖြစ်စေသော ကြိုးပမ်းမှုများနှင့် အစိုးရကိုဖြုတ်ချရန် အမေရိကန်၏ ကြိုးပမ်းမှုများကိုလည်း သမ္မတမာဒူရိုက ဝေဖန်ခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံ၏ အခြေအနေမှန်နှင့်ပတ်သက်သည့် သတင်းများဖော်ပြရန် အမေရိကန်မီဒီယာများကို သမ္မတ မာဒူရိုက တောင်းဆိုခဲ့သည်။ အမေရိကန်သည် မူးယစ်ဆေးဝါး အကြမ်းဖက်ဝါဒကို တိုက်ဖျက်ရန် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဗင်နီဇွဲလားအနီးရှိ ကာရေဘီယံရေပြင်တွင် အကြီးစားလေကြောင်းနှင့် ရေတပ်တပ်ဖွဲ့များကို လအတော်ကြာ တပ်ဖြန့်ချထားသည်။

ကာရေဘီယံနှင့် ပစိဖိတ်အရှေ့ပိုင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးကုန်ကူးသည့်သင်္ဘော ၃၀ ခန့်ကို တိုက်ခိုက်နစ်မြုပ်စေခဲ့ပြီး လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှု ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၈**

မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ယမန်နှစ်အတွင်းက တိုးတက်မှု ၃ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

စိုက်ပျိုးရေးကဏ္ဍတိုးတက်မှုကို အကူအညီပေးသည့် ကဏ္ဍမှာ စားအုန်းဆီ ထုတ်လုပ်မှုကဏ္ဍဖြစ်ပြီး ၎င်းကဏ္ဍတွင် တိုးတက်မှု ၅ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ကြောင်း မလေးရှားနိုင်ငံ စာရင်းစစ်ဌာနထုတ်ပြန်ချက်အရ သိရသည်။ .

နိုင်ငံ၏ စားအုန်းဆီထုတ်လုပ်ရေးကဏ္ဍမှ ဝင်ငွေ ရင်းဂစ် ၃ ဒသမ ၈၁ ဘီလီယံ၊ အခြားသီးနှံများစိုက်ပျိုးထုတ်လုပ်မှုမှ ဝင်ငွေ ၂၉ ဒသမ ၇ ဘီလီယံနှင့် မွေးမြူရေးကဏ္ဍမှ ဝင်ငွေ ၁၇ ဒသမ ၄ ဘီလီယံရရှိခဲ့သည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းစားရေရိက္ခာဖူလုံရေးအတွက် အကူအညီပေးနေပြီး နိုင်ငံ့ဝင်ငွေရရှိရေးဆောင်ရွက်နေကြောင်း ၎င်းဌာနထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များမှ ရရှိသည့်ဝင်ငွေသည် ၂၀၂၃ ခုနှစ်တွင် ရင်းဂစ် ၁၆၀ ဒသမ ၇ ဘီလီယံရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ရင်းဂစ် ၁၇၉ ဒသမ ၂ ဘီလီယံရှိခဲ့ကြောင်း သိရသည်။ ပြည်တွင်းသွင်းကုန်တန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ၁၃၅ ဒသမ ၄ ဘီလီယံရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၁၅၄ ဒသမ ၄ ဘီလီယံသို့ ရောက်ရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

## အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ နှစ်သစ်ကူးကာလအတွင်း ရာဇဝတ်မှုများအား တားဆီးနှိမ်နင်း

**နယူးဒေလီ ဒီဇင်ဘာ ၂၈**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီ၌ ရဲတပ်ဖွဲ့ဝင်များက နှစ်သစ်ကူးကာလအတွင်း ရာဇဝတ်မှုများအား တားဆီးနှိမ်နင်းခဲ့ရာ လက်နက်နှင့် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခြင်းအပြင် ရာနှင့်ချီ ဖမ်းဆီးခဲ့ကြောင်း တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၆ ရက်တွင် စတင်ခဲ့သည့် အဆိုပါလှုပ်ရှားမှုအတွင်း မြို့တော်အနှံ့ရှိ ပစ်မှတ်အများစုကို အဓိကထား ဖမ်းဆီးခဲ့သည်။ ရဲတပ်ဖွဲ့၏ စဉ်ဆက်မပြတ် ထိန်းကျောင်းမှုနှင့် ရာဇဝတ်မှုများကို တားဆီးစစ်ဆေးရန် ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။

ယစ်မျိုးအက်ဥပဒေ၊ လက်နက်အက်ဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေနှင့် လောင်းကစားအက်ဥပဒေတို့ဖြင့် တရားခံ ၂၈၀ ကျော်ကို ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူထားကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။



ထို့ပြင် လူပေါင်း ၅၀၄ ဦးကို အကြမ်းဖက်မှုမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ဖမ်းဆီးခဲ့ပြီး နာမည်ပျက်စာရင်းဝင်သူ ၁၀၀ ကျော်ကိုလည်း ဖမ်းဆီးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ဖမ်းဆီးမှုအတွင်း ပြည်တွင်းထုတ် ပစ္စတို ၂၁ လက်၊ ကျည်တောင့် ၂၀ နှင့် ဓား ၂၇ လက်တို့လည်း ပါဝင်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**



## ကာဂျစ္စတန်နိုင်ငံ၌ အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ရေးစက်ရုံ စတင်ဖွင့်လှစ်

**ဗီရှတ် ဒီဇင်ဘာ ၂၈**

ကာဂျစ္စတန်နိုင်ငံမြို့တော် ဗီရှတ်တွင် တရုတ်နိုင်ငံအကူအညီဖြင့် တည်ထောင်သည့် အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လွှတ်ရေးစက်ရုံကို ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၎င်းစက်ရုံတည်ထောင်ခြင်းဖြင့် စွန့်ပစ်အမှိုက်များကို စီမံခန့်ခွဲရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံအတွက်လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်ပေးမည်ဖြစ်ကာ ဒေသခံများအား အလုပ်အကိုင်များပေးနိုင်မည်ဖြစ်ကြောင်း ကာဂျစ္စတန်သမ္မတ ဆာဒါးဂျာပါရော့ဗ်က ပြောကြားသည်။ ၎င်းစက်ရုံသည် ဗီရှတ်၏ သဘာဝပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်စေမည်ဖြစ်ကာ လူထုတစ်ရပ်လုံးအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်ပေးမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ မြို့တော်၏ မီးခိုးမြူငွေ့လျော့ချရေးကို စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်လွှတ်သည့် နည်းလမ်းဖြင့် ကူညီပေးမည်ဖြစ်ကြောင်း ဗီရှတ်မြို့ ဒုတိယမြို့တော်ဝန် ရာမစ်ဇ် အလီယက်ဗ်က ပြောသည်။

စီမံကိန်းကို ဘေးကင်းလုံခြုံစွာ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် လည်ပတ်ရေးဆောင်ရွက်မည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးကျေးဇူးများကို ဒေသခံများထံ ရောက်ရှိစေရေး ဆောင်ရွက်မည်ဟု ၎င်းစီမံကိန်းကိုဆောင်ရွက်သည့် Hunan Junxin Environmental Protection Co., Ltd. တာဝန်ရှိသူ Dai Daoguo က ပြောကြားသည်။

နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၁၄၆ သန်းခန့် ထုတ်လုပ်ပေးမည်ဖြစ်ပြီး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကို တစ်နှစ်လျှင် တန်ချိန် ၁၀၀၀၀၀ ခန့် လျှော့ချပေးမည်ဖြစ်သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

## ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်းတိုက် ဥုံးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ ဘဝနတ်ထံ ပျံလွန်တော်မူ

**နေပြည်တော်   ဒီဇင်ဘာ   ၂၈**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် လွှစင်အုပ်စု ဘုန်းစိုးကြီးကျေးရွာ ဘုန်းစိုးကြီးကျောင်းတိုက် ဥုံးစီးပဓာန နာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တနန္ဒောဘာသ သက်တော် ၁၀၅ နှစ်၊ သိက္ခာ ၈၅ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် တနင်္ဂနွေနေ့ နံနက် ၀၀:၁၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် လွှစင်အုပ်စု ဘုန်းစိုးကြီးကျေးရွာ ဘုန်းစိုးကြီးကျောင်းတိုက် ဥုံးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒောဘာသ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျေးရွာ ခမည်းတော် ဦးမှင်-မယ်တော် ဒေါ်အေးတို့က ၁၂၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၇ ခုနှစ် အသက် ၁၅ နှစ်အရွယ်တွင် ဘုန်းစိုးကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိကကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၆ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် တနင်္လာနေ့တွင် ဘုန်းစိုးကြီးကျောင်း ခဏ္ဍာသိမ်၌ သဲကောကျောင်းဆရာတော် ဘဒ္ဒန္တနာဂကို ဥပဇ္ဈာယ်ပြု၍ ဦးစိုးမောင် - ဒေါ်အုန်းမြမိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်း ဆရာတော် ဘဒ္ဒန္တဇောတိက ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ချမ်းသာကြီးတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒမဇ္ဈူနှင့် စာချဆရာတော်များ၊ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော်နှင့် စာချဆရာတော်များ စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်နှင့် အုတ်ဖိုမြို့နယ် ဘုန်းစိုးကြီးကျောင်းတိုက်တို့တွင် စာသင်သားရဟန်း၊ သာမဏေများအား ပရိယတ္တိစာပေများ သင်ကြားပို့ချတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ပါဠိပထမပြန်စာမေးပွဲကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၁၀၅ နှစ်၊ သိက္ခာ ၈၅ ဝါ အရ ၁၃၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် (၂၈-၁၂-၂၀၂၅) တနင်္ဂနွေနေ့ နံနက် ၀၀:၁၅ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ရှော့တိုက်ဒုံးကျရောက်ပေါက်ကွဲခဲ့မှုကြောင့် မန္တလေးပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူနေရသူနှစ်ဦးအား သွားရောက်အားပေးပြီး ထောက်ပံ့ငွေများပေးအပ်



**မန္တလေး ဒီဇင်ဘာ ၂၈**

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့် အတွင်းရေးမှူးတို့ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးမြို့တွင်းသို့အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံး ကျရောက် ပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ အရပ်သားနှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိ၍ မန္တလေး ပြည်သူ့ဆေးရုံကြီးတွင်ဆေးကုသပေးနေမှုကို သွားရောက်ကြည့်ရှုပြီး အားပေးစကားများပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**နှောင့်ယှက်ဖျက်ဆီး**

အကြမ်းဖက် သောင်းကျန်းသူများသည် အေးချမ်းစွာနေထိုင်လျက်ရှိသော အရပ်သားပြည်သူများ နေထိုင်ရာ မြို့၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တိုက်ကွက်များဖော်ဆောင်ခြင်း၊ Drop Bomb များဖြင့် တိုက်ခိုက်ခြင်း၊ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ယနေ့တွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပျက်စီးရာပျက်စီးကြောင်း ကြံရွယ်လျက် နှောင့်ယှက်ဖျက်ဆီးရာ ယနေ့ နံနက် ၁ နာရီခွဲမှ ၂ နာရီခန့်အထိ ရှော့တိုက်ဒုံး လေးလုံးဖြင့် ပစ်ခတ်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်ခဲ့သည့် ရှော့တိုက်ဒုံးများသည် မတ္တရာမြို့နယ် နန်းတော်ကျွန်းကျေးရွာအနီးသို့ သုံးလုံး၊ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမရဋ္ဌာနီအရှေ့ရပ်ကွက်အတွင်း လူနေအိမ်ပေါ်သို့ တစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည်။

**ဆောင်ရွက်**

အောင်မြေသာစံ မြို့နယ် အမရဋ္ဌာနီ အရှေ့ရပ်ကွက်အတွင်း ကျရောက် ပေါက်ကွဲခဲ့မှုကြောင့် လူနေအိမ်နှစ်လုံး ထိခိုက်ပျက်စီးခဲ့ပြီး ရပ်ကွက်အတွင်းနေထိုင်သူ အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦးနှင့် ၎င်း၏ဇနီး အသက် ၃၀ အရွယ် အမျိုးသမီးတစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့၍ မန္တလေး ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့ပြီး လိုအပ်သည့်ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ တတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကြေညာထားမှုအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန်   ဒီဇင်ဘာ   ၂၈**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် တတိယအကြိမ် မဲစာရင်းများကပ်ထားကြေညာခြင်းကို ရပ်ကွက်၊ ကျေးရွာအုပ်စုတို့ရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကပ်ထားကြေညာလျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်၊ အမှတ်(၈)ရပ်ကွက်၊ အမှတ်(၁၅) ရပ်ကွက်နှင့် ရွှေလင်ပန်းကျေးရွာတို့တွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲ အတွင်းရေးမှူးတို့က ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများအား မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ရပ်ကွက်နေပြည်သူများက မိမိအမည် မဲစာရင်းတွင်ပါဝင်ခြင်း ရှိ/ မရှိကို လာရောက်ကြည့်ရှုလျက်ရှိကြောင်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲအတွင်းရေးမှူးတို့က ကွင်းဆင်းကြည့်ရှု၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ အထူးဂရုပြုဆောင်ရွက်ရန်နှင့် အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး လိုက်လံအသိပေးနှိုးဆော် အသိပညာပေးလျက်ရှိကြောင်းနှင့် လိုအပ်သည်များ မှာကြားလျက်ရှိပြီး မဲစာရင်းများကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ကော်မရှင်ရုံးများ၌ ကပ်ထားကြေညာထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# ကျိုက်လတ်မြို့နယ်အတွင်းရှိ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် ဒီဇင်ဘာ ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးဌာနက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပမည့် မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်ရှိ နေအိမ်များအား ယမန်နေ့ နံနက်ပိုင်းတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းနှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ မဲရုံနေရာများနှင့် မဲရုံပတ်ဝန်းကျင်ရှိ လူနေအိမ်များအား တစ်အိမ်တက်ဆင်းစစ်ဆေးခြင်း၊ မီးသုံးစွဲမှုများနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ ပြည့်စုံစွာထားရှိစေရေး၊ မီးငြိမ်းသတ်ရေးစနစ်များ တပ်ဆင်ထားရှိမှုများနှင့် မီးကြွင်း/



မီးကျန်များ မရှိစေရေးတို့ကို စစ်ဆေးအကြံပြုခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

○ မြန်မာအမျိုးသမီးလိဂ်မှ

ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ၁၀ ပွဲကစား ၁၉ မှတ်၊ YREO အသင်းက ၁၀ ပွဲကစား ၁၀ မှတ်ရရှိထားသည်။ ပွဲစဉ်(၁၁) ဒုတိယနေ့ကို ဒီဇင်ဘာ ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ Young Lionesses အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-MWL

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံ ကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။


## "အများသိစေရန်ကြေညာခြင်း"

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ ၊ အမှတ်(၃)ရပ်ကွက်နေ ဦးမင်းမြတ်ကျော်+ဒေါ်ဖြူဖြူစံတို့၏သား မောင်ပက်ထရစ်အောင်ပြည့်(ခ)မောင်သက်ထွေးအောင်ပြည့်[ ၁၁/ဘသတ(နိုင်)၀၅၉၀၅၅] မွေးသက္ကရာဇ်(၈-၁-၂၀၁၂)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးမော် (LL.B,DBL,WIPO(Switzerland) (စဉ်-၇၆၀၇)
ဒေါ်သူသူမင်း (LL.B,DBL,WIPO) (စဉ်-၁၂၉၆၅)
ဒေါ်ခင်မို့မို့ထွန်း (LL.B) (စဉ်-၁၅၉၉၄)
(တရားလွှတ်တော်ရှေ့နေများ)
ဒေါ်မာလာသန်းမြင့် တရားလွှတ်တော်ရှေ့နေ(LL.B, WIPO) (စဉ်-၁၈၂၅၅)
ဒေါ်ချယ်ရီဇော် (အထက်တန်းရှေ့နေ) (LL.B) (စဉ်-၄၄၃၉၃)

အမှတ်(၄၉)၊ အခန်း(၅+၆)၃-ထပ်၊ လမ်း(၄၀)၊ ကမ်းနားဘလောက်၊ (၉)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၆၆၂၅၁၂၆၆



မြေကွက်များဝယ်ယူလိုပါသည်
ဒဂုံမြို့သစ်(ဆိပ်ကမ်း၊ တောင်ပိုင်း၊ အရှေ့ပိုင်း၊ မြောက်ပိုင်း)
Ph: 09-770287930
ရှာန်



## အများသိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဇော်ဘွားကြီးကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၄)၊ မြေကွက်အမှတ်-၁/ခ အောင်စေတီလမ်း၊ မြေကွက်အမှတ်(၂၃၆)၊ ခြံမြေဧရိယာ(၅၅x၉၄)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် ရေမီးအကျိုးခံစားခွင့်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန်းကြည်(ခ)ဒေါ်လင်းလင်း[၁၃/လရန(နိုင်)၀၀၁၉၈၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်လင်းအောင်[၁၄/ဘကလ(နိုင်)၀၃၆၅၅၇]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်သူရှိပါက (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဖြိုးဝေကြိုင် (LL.B,D.B.L,D.M.L,D.I.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၇၈) ဖုန်း-၀၉-၂၆၀၀၁၀၇၅၅
ဒေါ်သီတာကြိုင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၆၂) ဖုန်း-၀၉-၇၉၇၅၄၉၄၁၂

ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။


နိုင်ငံ သာယာ ဝပြောဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(ဝေဘာဂီ)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၂၈)ဟုခေါ်တွင်သော အလျား(၃၀)ပေxအနံ(၅၀)ပေရှိ ဒေါ်ဘာနူရ်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ကြီးထဲမှ(ခြေရင်းခြမ်း)အလျား(၁၅)ပေxအနံ(၅၀)ပေ မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက် ဒေါ်ဘာနူရ် ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားပြီး လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမာ[၁၂/ဥကမ(နိုင်)၀၂၂၆၅၆]ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်လှရီအေး[၇/ရတန(နိုင်)၀၀၁၃၅၉]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေပြေကျေသည့်နီးပါးကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါကဲ့သို့အရောင်းအဝယ် ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ(၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မြသက်ဦး (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၂၉)
အမှတ်(၄၃)၊ မင်းရဲကျော်စွာလမ်း၊ ၁-ရပ်ကွက်၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၄၁၉၃၈



## ဦးသန်းအောင် [၁၂/ သကတ(နိုင်)၁၀၀၄၈၉] နှင့် အများသိစေရန် အသိပေးကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်း၊ အမှတ် (၁၂၄၁)၊ အကျယ် (၄၀ပေx၆၀ပေ) မြေကွက်နှင့်အိမ်အား အမည်ပေါက် (ဦးလှအောင်) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်အုန်းကြည်[၁၂/သကတ(နိုင်)၁၀၆၅၇၈]က ဆက်ခံ ပိုင်ဆိုင်ခဲ့ပါသည်။ တစ်ဦးတည်းသော သားဖြစ်သူ ဦးသန်းဦး (TKA-၀၄၇၆၁၁)သည် ဟဲဟိုးမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်နှင်းမူ [၁၃/ကလန(နိုင်)၀၀၁၂၃၈] နှင့် အိမ်ထောင်ကျခဲ့ပြီး ဦးသန်းဦးသည် ဦးခေါင်းထိခိုက်ဒဏ်ရာကြောင့် စိတ်ကျန်းမာရေး ချို့ယွင်းနေ၍ ဇနီးဖြစ်သူ ဒေါ်နှင်းမူက စီးပွားရေးကို ဦးဆောင်လုပ်ကိုင်ကာ ဟဲဟိုးမြို့တွင် နေထိုင်လျက်ရှိပါသည်။

၂။ (၁၀-၁၁-၂၀၂၁)နေ့တွင် ဒေါ်နှင်းမူနှင့် သမီးဖြစ်သူ မမေဖြိုးဦးတို့ ရန်ကုန်၊ သာကေတမြို့နယ်နေအိမ်သို့ ရောက်ရှိလာပြီး အိမ်မြေဂရန်မူရင်းအား တောင်းယူသဖြင့် ဒေါ်အုန်းကြည်က မိမိနှင့်နေထိုင်ခဲ့ကြပြီး အနီးကပ် ပြုစုခဲ့ကြသည့် မောင်ညီမများ နစ်နာဆုံးရှုံးမှုမရှိစေရန် သားဖြစ်သူမိသားစုနှင့်နောင်အရှုပ်အရှင်းဖြစ်၍ ပြဿနာမဖြစ်စေရန် ကြည့်မြင်တိုင်မြို့နယ်ရှိ ညီမ ဒေါ်ဝင်းဝင်းကြည်နေအိမ်၌ နှစ်ဖက်စုံညီတွေ့ဆုံ၍ "မြေနှင့် အိမ်ကိုရောင်းချရန် အကြောင်းပေါ်ပေါက်ပါက ရောင်းချရရှိငွေများအနက် ဦးသန်းဦးမိသားစုမှ (၂/၃) ပုံယူ၍ မောင်နှမများက (၁/၃)ပုံကို အညီအမျှ ခွဲဝေကြရန်၊ ညီမဒေါ်တင်တင်ဝင်းနှင့် တူမ မနုနုလွင်တို့ကို သင့်တင့်စွာပေးရန် ပြောကြား၍ မိသားစုစီမံမှုကို နှုတ်ဖြင့် ခွဲဝေဆောင်ရွက်ပေးခဲ့ပါသည်။ ဦးသန်းဦး မိသားစုမှလည်း သဘောတူလက်ခံကျေနပ်သဖြင့် မြေငှားဂရန်မူရင်းအား ဒေါ်နှင်းမူလက်ဝယ်သို့ တစ်ပါတည်း ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ မူရင်းဂရန်ကို ဒေါ်နှင်းမူတို့က ဟဲဟိုးမြို့သို့ ယူသွားမည်ဖြစ်၍ နောက်ပိုင်းအငြင်းပွားကာ စိတ်ဝမ်းမကွဲစေရန် (၁၂-၁၁-၂၀၂၁)နေ့တွင် သာကေတမြို့နယ်နေအိမ်၌ မိသားစုစီမံမှု ကိစ္စစာမှတ်တမ်းကို ရပ်ကွက်လူကြီးနှင့် သက်သေစုံရာရှေ့တွင် သက်ဆိုင်သူအားလုံး လက်မှတ်ရေးထိုး၍ (၂)ဖက်သို့ ပေးအပ်ခဲ့ပါသည်။

၃။ ဒေါ်အုန်းကြည်မှ ဖော်ပြပါ မြေကွက်နှင့်အိမ်အားရောင်းချရန် ကိုယ်တိုင်ဆန္ဒရှိကာ နှစ်ဖက်အမွေဆိုင်အားလုံးကလည်း သဘောတူကြသဖြင့် (၂၂-၂-၂၀၂၅)နေ့တွင် စရန်ငွေပေးစာချုပ်ဖြင့် ပထမအရစ် သိန်း(၁၀၀၀) (ကျပ်သိန်းတစ်ထောင်)နှင့် နေအိမ်တွင် အိမ်ငှားများနှင့် ခေါက်ဆွဲစားသောက်ဆိုင်တို့ရှိနေသဖြင့် ၎င်းတို့အား ဖယ်ရှားထွက်ခွာစေရေးအတွက် (၂၂-၂-၂၀၂၅)နေ့တွင်ပင် သီးခြားစာချုပ်ဖြင့် သိန်း(၂၃၀၀) (ကျပ်သိန်းနှစ်ထောင့်သုံးရာ) ကြိုတင်ပေးခဲ့ပါသည်။ (၂၁-၃-၂၀၂၅) ဒုတိယအရစ်ပေးငွေ သိန်း(၅၀၀၀) (ကျပ်သိန်းငါးထောင်)ကို ဒေါ်နှင်းမူနှင့် သမီးတို့ကမိသားစု စီမံမှုကိစ္စစာအရ မိမိသဘောဆန္ဒအတိုင်း လက်ခံရယူ၍ ဦးသန်းဦးနှင့်အတူ ဟဲဟိုးမြို့သို့ ပြန်သွားခဲ့ပြီးဖြစ်ပါသည်။ ဒုတိယစရန်ချမည့် (၂၁-၃-၂၀၂၅)နေ့တွင်ပင် တူမဖြစ်သူ မနုနုလွင် [၇/နတလ(နိုင်)၀၈၇၈၈၅]နှင့် မိခင်ဒေါ်ရီရီဝင်း [၇/နတလ(နိုင်)၀၇၁၀၉၁]တို့က အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လာသဖြင့် ပွဲမပျက်စေရန် ပထမအကြိမ် ရရှိထားသည့်ငွေထဲမှ သိန်း(၅၅၀) (ကျပ်သိန်းငါးရာ့ငါးဆယ်)ကို ထိုနေ့တွင်ပင် ပေးအပ်၍ မိသားစုစီမံပြီးပြတ်ခြင်းစာချုပ်ဖြင့် လက်ခံရယူသွားခဲ့ပြီးဖြစ်ပါသည်။ မြေနှင့်အိမ် အရောင်းဖိုးကျန်ငွေ သိန်း(၄၀၀၀) (ကျပ်သိန်းလေးထောင်)ကို နှစ်ကြိမ်ခွဲရရှိခဲ့ပြီး (၂၄-၆-၂၀၂၅)နေ့တွင် အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် မြေနှင့်အိမ်ကို သိန်း(၁၀၀၀၀) (ကျပ်သိန်းတစ်သောင်း)ဖြင့် ရောင်းချခဲ့ပြီးဖြစ်ပါသည်။ စုစုပေါင်း စာချုပ်(၂)ရပ်ဖြင့် အိမ်မြေရောင်းရငွေ ကျပ်သိန်း(၁၂၃၀၀) (ကျပ်တစ်သောင်းနှစ်ထောင့်သုံးရာ) ရရှိခဲ့ပါသည်။

၄။ အထက်ပါမြေနှင့်အိမ် ရောင်းချရရှိငွေ(၂)ရပ်ကို မောင်အငယ်ဆုံးဖြစ်သူ ဦးသန်းအောင်က ဒေါ်အုန်းကြည် လေဖြတ်ရောဂါနှင့် ပေါင်အရိုးကျိုးရောဂါများ လက်တလောခံစားနေရပြီး ဆေးကုသနေရသည်ကို အကြောင်းပြ၍ လက်ဝယ်ထားရှိစီမံဆောင်ရွက်လျက်ရှိပါသည်။ (၂၆-၈-၂၀၂၅)ရက်နေ့တွင် သိမ်ဖြူလမ်းရှိ U-A-B ဘဏ်စာရင်းအမှတ်-(၀၁၇၀၁၀၀၀၀၈၅၈၆)ဖြင့် နောက်ဆုံးအရစ်ရရှိငွေ သိန်း(၁၀၀၀) (ကျပ်သိန်းတစ်ထောင်) နှင့် ပထမအရစ်ရငွေ လက်ကျန်သိန်း(၅၀၀) (ကျပ်သိန်းငါးရာ) စုစုပေါင်း သိန်း(၁၅၀၀) (ကျပ်သိန်းတစ်ထောင့်ငါးရာ) ကျော်ကို ဦးသန်းအောင် တစ်ဦးတည်းအမည်ဖြင့် ဘဏ်စာရင်းဖွင့်အပ်နှံထားပါသည်။ အိမ်မြေရောင်းရငွေများအနက် (၂၇-၆-၂၀၂၅)နေ့တွင် ဒေါ်အုန်းကြည် နေထိုင်ရန်အတွက် ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၁၄)၊ ပထမထပ်တိုက်ခန်းကို သိန်း(၂၈၀၀) (ကျပ်သိန်းနှစ်ထောင့်ရှစ်ရာ)ဖြင့် ဦးသန်းအောင်၊ ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်စန်းစန်းဝင်း (၃) ဦး အမည်ဖြင့် ဝယ်ယူခဲ့ပါသည်။ (၂၉-၇-၂၀၂၅)နေ့တွင် ဦးသန်းအောင်က အစ်မလတ်ဖြစ်သူ ဒေါ်တင်တင်ဝင်း အား ၎င်းတောင်းဆိုသည့်အတိုင်း ရွှေထည်ပစ္စည်းဝယ်ရန် ဝေစုငွေကို ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ဒေါ်အုန်းကြည်၏ စားဝတ်နေရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများအတွက် အကြောင်းပြ၍ (၃၀-၆-၂၀၂၅)နေ့တွင် အငှားယာဉ်နံပါတ် (GG-2076)- တိုယိုတာကိုရိုလာဖီဒါကားကို သိန်း(၇၇၀) (ကျပ်သိန်းခုနစ်ရာ့ခုနစ်ဆယ်)ဖြင့်လည်းကောင်း၊ (၂၇-၇-၂၀၂၅)နေ့တွင် အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း (၁)လမ်း၊ အမှတ်(၈) တိုက်ခန်းအား သိန်း(၈၀၀) (ကျပ်သိန်းရှစ်ရာ)ဖြင့်လည်းကောင်း ဦးသန်းအောင်မှ တစ်ဦးတည်းအမည်ဖြင့် ဝယ်ယူထားရှိပါသည်။

၅။ သို့ဖြစ်၍ အထက်အပိုဒ် (၂)ပါ မိသားစုစီမံမှုကိစ္စစာချုပ်အပိုဒ်-၄(၂)အရ မြေနှင့်အိမ်ရောင်းချ ရရှိငွေများကို အမွေဆိုင်အစ်မများဖြစ်သည့် ဒေါ်ဝင်းဝင်းကြည်၊ ဒေါ်စန်းစန်းဝင်းတို့အနေဖြင့် နည်းလမ်းတကျ တရားဝင်ခွဲဝေခြင်း မရှိသေးဘဲ၊ ဒေါ်အုန်းကြည် ကွယ်လွန်သည့်အခါတွင်မှ ဆောင်ရွက်ကြမည် ဖြစ်ပါသဖြင့် အထက်အပိုဒ်(၄)ပါ အငှားယာဉ်နှင့် ကွင်းကျောင်း (၁)လမ်းရှိ တိုက်ခန်းနှင့် ဘဏ်အပ် လက်ကျန်ငွေ သိန်း (၁၅၀၀) (ကျပ်သိန်းတစ်ထောင့်ငါးရာ)တို့ကို အကျိုးသက်ဆိုင်သူ ဒေါ်ဝင်းဝင်းကြည်နှင့် ဒေါ်စန်းစန်းဝင်းတို့၏ အတိအလင်းခွင့်ပြုသဘောတူမှုမရှိဘဲ ဦးသန်းအောင်မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အာမခံတင်သွင်းခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မပြုရန် နှင့် လိုက်နာခြင်းမရှိဘဲ ပြုလုပ်ပါက ဖြစ်ပေါ်လာသော ကိစ္စရပ်ရပ်သည် ပြုလုပ်ဆောင်ရွက်သူတို့ တာဝန်သာဖြစ်ကြောင်း၊ ထိုသို့ပြုလုပ်ခြင်းအပေါ် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းအောင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ဝင်းဝင်းကြည်
[၁၂/ကမတ (နိုင်)၀၀၈၉၈၇]

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းကြည်
အထက်တန်းရှေ့နေ(စဉ်-၁၀၆၆၆)
၈/၈၊ ပန်းလှိုင်အိမ်ရာ၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၂၅၄၄၄၆၃၃၉ ၊ ၀၉-၄၅၇၇၀၈၀၅၉



## "တစ်ဦးတည်းပိုင်ဆိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ လူနေရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၇၇/ခ)၊ ချယ်ရီ(၄)လမ်း၊ ဦးတင်ဟန်[၁၂/ဥကတ(နိုင်)၀၈၇၆၁၄]အမည်ပါ ဂရန်မြေ၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့အား ဒေါ်သက်သက်ခိုင်[၁၂/ဒဂတ(နိုင်)၁၁၁၃၀၈]မှသာ တစ်ဦးတည်း ပိုင်ဆိုင်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သက်သက်ခိုင်[၁၂/ဒဂတ(နိုင်)၁၁၁၃၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးနန္ဒာအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၄၃)
အမှတ်(၄၉၉)၊ ငမိုးရိပ်(၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၄၄၀၉၁၆၈



## ဦးနိုင်ဝင်း(ခ)ရှိတ်အလီနှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၃၂၄)နေ ဦးစိုးနိုင်၏ သားဖြစ်သူ ဦးနိုင်ဝင်း(ခ)ရှိတ်အလီနှင့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ (၅)ရပ်ကွက်၊ ခေါင်းမနိလမ်း၊ အမှတ်(၁၀၁၀)နေ ဒေါ်အေးအေးသိန်း(ခ)ဟဝါဘီဘီ [၁၂/အစန(နိုင်)၂၆၄၆၈၁]တို့သည် (၂၇-၃-၂၀၁၃)ရက်နေ့တွင် မဟာရ်ရွှေ(၅)မူးသား လက်ငင်းသတ်မှတ်၍ နိကာဟ်ပြုလက်ထပ်ထိမ်းမြားခဲ့ကြပြီး သား (၁)ဦး၊ သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ ဦးနိုင်ဝင်း(ခ)ရှိတ်အလီ နှင့် ဒေါ်အေးအေးသိန်း(ခ)ဟဝါဘီဘီတို့သည် (၁၂-၁၂- ၂၀၂၄)ရက်နေ့တွင် အသိသက်သေများပါဝင်ကာ လက်ဗွေနှိပ် လက်မှတ်ရေးထိုး၍ စာချုပ်ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်းအား ဒေါ်အေးအေးသိန်း(ခ)ဟဝါဘီဘီ မှ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ ဓမ္မသတ်လျှောက်ထားခဲ့ရာ အဆိုပါ အဖွဲ့ချုပ်(ဗဟို)မှ ကွာရှင်းမှု အထမြောက်အတည်ဖြစ်ကြောင်း ဓမ္မသတ်ရရှိခဲ့ပြီးဖြစ်၍ ဦးနိုင်ဝင်း(ခ)ရှိတ်အလီနှင့် ဒေါ်အေးအေးသိန်း(ခ)ဟဝါဘီဘီတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ကြောင်းကို ဦးနိုင်ဝင်း(ခ)ရှိတ်အလီနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်အေးအေးသိန်း(ခ)ဟဝါဘီဘီ
အမှတ်(၁၀၁၀)၊ ခေါင်းမနိလမ်း၊ (၅)ရပ်ကွက်၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြတ်သန်းဦး
B.A(Eco:)H.G.P,D.A(1)
အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။(၀၉-၇၈၃၅၄၂၉၀၀)



## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရှမ်းပြည်နယ်၊ လားရှိုးမြို့နေ ဦးဖာကွေး (ကွယ်လွန်)နှင့် ဒေါ်ချိန်ချင်လျင်[၁၃/လရန(နိုင်)၀၅၈၂၅၉]တို့၏ သားဖြစ်သူ မောင်မျိုးချမ်း[၁၃/လရန(နိုင်)၁၉၅၉၄၁]သည် မိဘဖြစ်သူ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏ သဘောဆန္ဒအလျောက်ပြုမူသွားသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်ချိန်ချင်လျင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြအောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၃)
အမှတ်-၁၄၇၊ ၄၆-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၅၁၂၄၆



## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးထက်ဝေ[၁၁/သတန(နိုင်)၁၁၄၂၁၆]နှင့် ဒေါ်သက်စုခိုင်[၁၁/သတန(နိုင်)၁၂၂၉၉၅]တို့သည် (၃-၆-၂၀၂၀)မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်း နေထိုင်လာခဲ့ကြပါသည်။ ထိုသို့ ပေါင်းသင်းနေထိုင်လာရင်း ယခုအခါ စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် (၂၈-၁၂-၂၀၂၅)ရက်နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ်ပြုလုပ်ချုပ်ဆိုပြီးဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မှသက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မျိုးသဥ္ဇာထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၇၀၂)
အမှတ်-၆၄၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၄၀၂၅၆၄၄



## သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ကြည်စုရပ်ကွက်၊ အလင်းရောင်(၅)လမ်း၊ အမှတ်(၄၅၅)နေ (အဖ) ဦးဝင်းထွဋ်ဦး၊ (အမိ) ဒေါ်ယဉ်ယဉ်လှဲ့တို့၏သား မောင်အောင်ကျော်ဇင်[၁၂/ဒပန(နိုင်)၀၆၀၂၉၇]မှ မိခင်အား စိတ်ဆင်းရဲခြင်း များစွာပြုလုပ်၍ နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်ယဉ်ယဉ်လှဲ့
[၁၂/ဒပန(နိုင်)၀၃၈၄၁၂]

❖ ဒေသတွင်ရှိသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံများအားလုံး တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက ဒေသအလိုက် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနေမှု နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၂၈

"အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော်ကောင်စီနယ်မြေရှိ မဲရုံများသို့ သွားရောက်၍ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံကာ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ဆွေးနွေးလေ့လာစောင့်ကြည့်မှုများ ပြုလုပ်ကြသည်။



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနေမှုကို နိုင်ငံတကာနှင့် ပြည်တွင်းအခြေစိုက် နိုင်ငံခြားသံရုံးများမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများက နေပြည်တော်ကောင်စီနယ်မြေ မဲရုံများရှိ မဲရုံမှူးများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြစဉ်။

## စောင့်ကြည့်လေ့လာ

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဂုဏ်သိက္ခာရှိသည့် ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် နိုင်ငံတကာအသိုက်အဝန်းက အားပေးထောက်ခံမှုကို ဖော်ပြသည့်အနေဖြင့် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူပေါင်း ၁၆၂ ဦးက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်းလိုက်အောင်မြင်စွာကျင်းပနေမှုများကို ပါဝင်စောင့်ကြည့်လေ့လာကြမည်ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖





ရှမ်းယူနိုက်တက်အသင်းနှင့် YREO အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# မြန်မာအမျိုးသမီးလိဂ်တွင် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်

ရန်ကုန် ဒီဇင်ဘာ ၂၈

၂၀၂၅-၂၀၂၆ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ကို ဒီဇင်ဘာ ၂၈ ရက်က သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁ ၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက YREO အသင်းကို သုံးဂိုးပြတ်အနိုင်ရသည်။

ရှမ်းယူနိုက်တက်အသင်းသည် YREO အသင်းကို ထပ်မံအနိုင်ယူပြီး ဒုတိယအကျော့ နှစ်ပွဲဆက်တိုက်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ချန်ပီယံမျှော်လင့်နိုင်သည့် အခြေအနေနည်းပါးသော်လည်း ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၄၅+၂ မိနစ်တွင် ယုယနိုင်၊ မိနစ် ၆၀ တွင် နန့်မေသဇင်နှင့် မိနစ် ၉၀ တွင် ပင်နယ်တီမှတစ်ဆင့် ရူပါခိုင်တို့က သွင်းယူခဲ့သည်။ စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ

**စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာသို့ ရောက်ရှိလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ဝမ်းပန်းတသာကြိုဆို**

စာမျက်နှာ » ၂၃



**KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၁၅ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးစီး၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဆက်လက်မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၂၄